# The Myanmar Chronicle

လစဉ်အထူး

အတွဲ၁၊ အမှတ် ၇၊ စက်တင်ဘာ ၂၀၀၄

Home
စာစဉ်
ဘာသာ (Language)
ဆက်သွယ်ရန်
အကြောင်းအရာ
Downloads

ADDA Systems
Software Development
That we are able is your advantage

Shwe Dream .com

MYANMARBIBLE.NET

Visitors Since 1st March 2004

How do you know about us?
from search engines
from emails
from advertisements
from friends
Submit

## မြန်မာပန်းချီအကြောင်း ဟောင်းပြောင်းထွေလာ



ပန်းချီပွဲ တစ်ပွဲဆိုတာကလည်း ဒီမြန်မာနိုင်ငံမှာက ရောင်စုံ ပန်းချီကားတွေပါတဲ့ ကက်တလောက် ရိုက်နှိပ်တာနဲ့၊ ပြခန်း ငှားခနဲ့၊ ပန်းချီကားဘောင်ဖိုးနဲ့ ကျပ် ၁ သိန်း၊ ၂ သိန်း ကုန်ပြီးမှ သန့်သန့်ခန့်ခန့် ပန်းချီပြပွဲရယ်လို့ ဖြစ်တာပါ။ ဒါကြောင့် အရောင်းအဝယ အေးနေပေမယ့် အကုန်အကျခံပြီး ပွဲ တွေတင်ဆက်နေကြတဲ့ ပန်းချီဆရာလူငယ်တွေနဲ့ ပန်း ချီဆရာ ကြီးများကို လေးစားကျေးဇူးတင်စရာလို့ မြင်ပါတယ်။

Read More...

## စာဖတ်နည်း ၊ စာရေးနည်း

အငြိမ်းစားသံအမတ်ကြီး ဦးသက်ထွန်း

စာကောင်းကောင်းအားရပါးရ ဖတ်နိုင်သည်မှာ အသက်(၆၀)ပြည့်၍ ယူနက်စကိုမှ အငြိမ်းစားယူပြီး မြန်မာပြည်ပြန်လာတော့မှ ဖြစ်ပါသည်။ ၁၉၈၆ ခုနှစ် ဧပြီလမှ ယခု၂၀၀၃ ခုနှစ် ဧပြီလအထိ ၁၇ နှစ် တာကာလအတွင်း စာအုပ် ပေါင်း(၆၅၄)ခန့် ဖတ်နိုင်ခဲ့ပါသည်။ အများစု(၅၄၈)မှာ အင်္ဂလိပ် စာအုပ်များဖြစ်၍ မြန်မာ(ရရ)၊ ဂျပန်(၂၇)၊ ပြင်သစ် (၂)အုပ်ပါဝင်ပါသည်။ ဘာသာရပ်အလိုက်မှာ လူမှုရေးသိပ္ပံ(နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအကြုံးဝင်)(၂၅၈)အုပ်၊ သမိုင်း (၁၃၁)အုပ်၊ အတ္ထုပ္ပတ္တိ (၉၇)အုပ်(ကိုယ်တိုင်ရေး (၂၀)အပါအဝင်၊ ဗဟုသုတ(၅၁)အုပ်(ဆေးပညာ(၁၉)အပါအဝင်)၊ စကား နှင့်စာပေ(၄၇)အုပ်၊ ဟာသ(၃၃)အုပ်၊ ပညာရေး(၁၅)အုပ်၊ ကွန်ပြူတာပညာ(၁၃)အုပ်နှင့် ဘာသာရေး (၁၀)အုပ် တို့ဖြစ်၏ ။

Read More...

## မန္တလေး IT မှ ICT သို့ ခေတ်အပြောင်းအလဲ

MICTDC
MANDALAY ICT PARK

၂၀၀၂ ခုနှစ်ထဲမှာ Bangan Cyber Techက တယ်လီဖုန်းလိုင်းက တစ်ဆင့် အင်တာနက်သုံးနိုင်ဖို့နဲ့ Broadband Wireless Serviceကို မန္တလေးမြို့နဲ့ မိတ်ဆက်ပေးလိုက်ပြီး ၂၀၀၂ ခုနှစ် ကုန်ပိုင်းမှာ မန္တလေးရုံးခွဲ ဖွင့်ပေးပါတယ်။

Read More...

## ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO မြန်မာပြည် ဌာနေကိုယ်စားလှယ် Dr.AgostinoBorra နှင့်တွေ့ဆုံခြင်း

သည်ဒေသထဲက အခြားနိုင်ငံတွေရဲ့ တချို့အပိုင်းတွေမှာ ကျန်းမာရေးစောင့်ရှောက်မှုဟာ အခုထက်ထိ ချို့တဲ့နေဆဲပါပဲ။ မြန်မာနိုင်ငံရဲ့ ကျန်းမာရေး စောင့်ရှောက်မှုအဆင့်က ကမ္ဘောဒီယား၊ လာအို၊ ဗီယက်နမ်ရဲ့ တချို့ဒေသများ၊ တရုတ်ပြည်ရဲ့ အလှမ်းဝေးသော တချို့ဒေသများ၊ အင်ဒိုနီး ရှားရဲ့ တချို့ဒေသများရဲ့အဆင့်မှာ ရှိပါတယ်။

Read More...

## စုံစီနဖာ အညာသတင်း



ရွှေပြုန်းငွေပြုန်းပွဲတော် တောင်ပြုန်း

ရွှေမန်းမြို့ မြောက်ဘက်နားက တောင်ပြုန်းပွဲတော် စပါပြီ။ ရှေး ရှေးက တရားဝင်စတာကတော့ ဝါခေါင်လဆန်း ၁၁ ရက်။ ပြီးတာ က ဝါခေါင်လပြည့်။ လဆန်း ၁၀ရက်ည အရှင်နှစ်ပါး နန်းကြီးမှာ နတ်ညီလာခံကျင်းပပြီးမှာ နယ်တစ်ခွင်လုံးမှာ ဆိုင်းပုံ တီးရတာ အစဉ်အလာပါ။

Read More...

## လှုပ်ရှားနေတဲ့ ဘောလုံးဂျာနယ်များနဲ့ အားကစားဂျာနယ်တွေ လျှောက်လာတဲ့လမ်း




ဒါကြောင့် ယူရို ၂၀၀၀ ဆိုတဲ့ ၂၀၀၀ ပြည့်နှစ် ဥရောပဖလားဘောလုံးပွဲ တွေမလာခင်မှာ မြန်မာ ဘောလုံးဂျာ နယ လောကဟာ အကွေ့အချိုး အ ပြောင်း အလဲကြီး တစ်ခုလို ဖြစ်သွား ခဲ့တဲ့ စာမျက်နှာသစ်တစ်ခုကို ဖွင့် လှစ်လာကြပါတယ်။ အဲဒါကတော့ ဘောလုံးသတင်းတွေကို ကမ္ဘာတစ် လွှား အချိန်နဲ့တစ်ပြေးညီ ဖော်ပြပေး နေတဲ့ အင်တာနက်ထဲကနေ သတင်း တွေထုတ်ယူပြီး ဦးဦးဖျားဖျား လတ်လတ်ဆတ်ဆတ် တင်ဆက်နိုင် ခွင့်သာတဲ့ First ELEVENဂျာနယ် ထွက်ပေါ်လာခြင်းပါ။

Read More...

## လတ်တလောသတင်းများ



ပြည်တွင်းမှာ စီးပွားရေးလုပ်ငန်း အင်အားကြီးအုပ်စုတွေ ၂၀၀၃ ပွင့်လင်းရာသီက စပြီး ဟိုတယ်လုပ်ငန်းတွေကို ကူးပြောင်း လုပ်ကိုင်လာကြတာ မြင်တွေ့ရပါတယ်။ အထူးသဖြင့် ပုဂံ၊ အင်းလေးနဲ့ ငွေဆောင်ဒေသတွေမှာ နိုင်ငံသားပိုင်နိုင်ငံတကာအဆင့်မီ ဟို တယ်နဲ့ Resortတွေ ထွက်ပေါ်လာ နေပါတယ်။

Read More...

About Myanmar Chronicle

ADDA Systems Software Development
That we are able is your advantage
Shwe Dream .com
MYANMARBIBLE.NET

# မြန်မာပန်းချီအကြောင်း သောင်းပြောင်းထွေလာ


ပြခန်းက ပန်းချီဆရာလိုတာ ထောက်ကူဖြည့်ဆည်းကာ
နိုင်ငံတကာဈေးကွက်ထဲ အတူလက်တွဲထိုး
ဖောက်ကြတဲ့စနစ်ဖွံ့ဖြိုးလာရာမှာ အထင်ရှားဆုံးပန်း
ချီဆရာ ငြိမ်းချမ်းဆုရဲ့ လက်ရာ

ဒီဆောင်းပါးက မြန်မာပန်းချီကား အရောင်းအဝယ်ဈေးကွက်အကြောင်း လွန်ခဲ့တဲ့ တစ်နှစ် ဝန်းကျင်လောက်ကနေ မျက်မှောက်ကာလအထိ ထူးခြားတဲ့ အဖြစ်အပျက်တွေနဲ့ မြန်မာ ပန်းချီကားတွေ ဘယ်လိုအနုပညာဟန်တွေနဲ့ ရှင်သန်နေကြသလဲဆိုတဲ့ ‘လမ်းကြောင်း’ ကို လက်လှမ်းမီသလောက် တင်ပြမှာဖြစ်ပါတယ်။

ပန်းချီကား အရောင်းအဝယ်အကြောင်းလို့ စကားစလိုက်ရင် ပန်းချီကားနဲ့ ဆက်စပ်နေသူတိုင်းက အရောင်းအဝယ် မကောင်းပါဘူးလို့ တစ်ညီတည်း လိုဖြေလာကြတာ တစ်နှစ်ကျော် နှစ်နှစ်ထဲတောင် ရောက်ပြီလို့ထင်ပါတယ်။ ဒီလိုအရောင်းအဝယ် မကောင်းလို့ ပန်းချီပြပွဲကျင်းပရာ ပြခန်းတိုင်း ပြပွဲရက်တွေက ပြည့်နေပါတယ်။ ဥပမာ–ပန်းဆိုးတန်း လောကနတ် အလုပညာဆိုင်ခန်း၊ ဗိုလ်ချုပ်အောင်ဆန်းဈေး အရှေ့ဘက်တန်း ပန်းပညာရှင်များ အစည်းအရုံး ပန်းချီပြခန်း၊ သံလွင်လမ်းက နယူးထရက်ရှာ ပန်းချီပြခန်း စတာတွေမှာ ပြပွဲရက်က တစ်နှစ်စာမက ဆက်နေကြတာပါ။

ဒီလိုဖြစ်နေတဲ့ အကြောင်းတွေကို မှန်းဆမိသလောက်ပြောရရင် ၁၉၉၅ ရဲ့နောက်ပိုင်း အရှိန်အဟုန်နဲ့ အရောင်းအဝယ်သွက်ခဲ့တဲ့ မြန်မာပန်းချီနယ်ဟာ ပန်းချီပြခန်း ပီပီပြင်ပြင် ထူထောင်ခြင်း၊ ပန်းချီပြပွဲ ခမ်းခမ်းနားနား ကျင်းပခြင်းနဲ့ လက်စွမ်းထက်တဲ့ ပန်းချီဆရာကို အားပေးပွဲထုတ်ခြင်းတွေကို စနစ်တကျ ဖောက်ချလုပ်လာကြလို့ပဲလို့ ဆိုရမှာပါ။ ဒါ့အပြင် ပန်းချီဆရာတစ်ယောက်ရဲ့ ပန်းချီကားတွေဟာ ဝယ်ယူစုဆောင်းသူ collectorများနဲ့ ပန်းချီကားကုန်သည် Dealerကြားမှာ ပေါက်သွားပြီဆိုရင် တန်ဖိုးတက်မှု ပမာဏက ကြီးမားတာကြောင့် စိတ်လှုပ်ရှားစရာ လုပ်ငန်းတစ်ခုရဲ့အသွင်ကို ဆောင်နေတာကလည်း ပန်းချီလောကအတွက် တွန်းအားတစ်ခုလို့ ဆိုရမှာဖြစ်ပါတယ်။

ပန်းချီကားတွေက အထက်မှာ ပြောခဲ့သလို collectorတွေနဲ့ Dealerတွေကြားမှာ ပေါက်ပြီးသားလူတွေ လတ်တလော တစ်နှစ် အတွင်း ဘယ ်လိုအနေအထား ရှိနေသလဲဆိုတာ ဆက်ပါမယ်။

ပြည်တွင်းစုဆောင်းသူတွေက နှစ်သက်တဲ့ ပန်းချီဆရာများရဲ့ ပန်းချီကားတွေအနေနဲ့ ကျပ် ၂ သိန်းထက်မပိုရင် စုဆောင်းသူတွေက စိတ်ဝင်စားမှု ပိုတယ်လို့ သိရပြီး ကျပ်သောင်းဂဏန်းသာ ရောင်းဈေးသတ်မှတ်ကြတဲ့ ရေဆေးကားတွေ ဆိုရင်တော့ စုဆောင်းသူတွေ နှစ်သက်တဲ့ ပန်းချီဆရာဆိုရင် ရောင်းနေရဆဲလို့ ပြောနိုင်ပါတယ်။ ပြည်တွင်းစုဆောင်းသူတွေက ဈေးမြင့်တဲ့ ဆီဆေးကားတွေကို ဝယ်စုဖို့ အတော်စဉ်းစားနေကြပြီး၊ အတော်ကြိုက်လို့ ဝယ်ယူခံရသူကတော့ ဆရာ ဦးလွန်းကြွယ်ပဲ ထင်ထင်ရှားရှားရှိတယ်လို့ ကြားရပါတယ်။ ၂၀၀၄ ထဲမှာ ရေဆေးကားတွေနဲ့ ပြည်တွင်း ပန်းချီကား စုသူ တွေလို လှုပ်နှိုးသူက ပန်းချီဆရာ အောင်မိုးညိုဖြစ်ပါတယ်။ သူက ၂၀၀၃မှာ တစ်ကိုယ်တော် တစ်ပွဲ၊ အခု ၂၀၀၄မှာ တစ်ကိုယ်တော် တစ်ပွဲ ၃၄–လမ်း အထက်က AZADA ပန်းချီပြခန်းမှာချည်း ပြသွားပြီး ၂ ပွဲစလုံး သူ့ကားတွေ ရောင်းအားကောင်းခဲ့ပါတယ်။


မင်းဝေအောင်ရဲ့ ၂၀၀၄ ပြပွဲတင်လက်ရာ

နိုင်ငံရပ်ခြားမှာ ဈေးကွက်ထိုးဖောက်နိုင်တဲ့ လက်ရာရှင်ထဲက လူသိအများဆုံးဟာ မင်းဝေအောင် ဖြစ်ပါတယ်။ သူကတော့ ပြည်တွင်းမှာ သူရေးတာတွေ ပြသပေမယ့် ပြရုံသက်သက်ဖြစ်သွားပါပြီ။ သူ့လက်ရာတွေကို တန်ဖိုးကြီးကြီးထားပြီး ဝယ်ယူသူတွေ ပြည်ပမှာ ရှိနေကြပြီဖြစ်လို့ နောက်ပိုင်း သူရေးတဲ့ ဆီဆေးနဲ့ တခြားမီဒီယာစုံ ဆန်းသစ် လက်ရာတွေဟာ နိုင်ငံတကာ ဈေးကွက်ဆီ တွင်တွင် ကျယ်ကျယ်သွားနေပြီဖြစ်ပါတယ်။

တချို့ကတော့ နိုင်ငံရပ်ခြားပြခန်းတစ်ခုခုနဲ့ နားလည်မှုယူထားလို့ ပြည်တွင်းမှာ သူတို့ပန်းချီကားတွေကို ပြပွဲ ပြရုံ ပြတဲ့ပုံစံလည်း ရှိပါတယ်။ ဥပမာ – ပန်းချီ မျိုးသန့်အောင်ဆိုရင် သူရေးဆွဲတဲ့ ပန်းချီကားကြီးများကို သူပါဝင်ပြသတဲ့ ပြပွဲတွေမှာ ရောင်းချတာ နည်းပါးပြီး ပြည်ပဈေးကွက် ရှိနေသူလို့ သိရပါတယ်။


မျိုးသန့်အောင်ရေးတတ်တဲ့ ပန်းချီအမျိုးအစား

နောက်ထပ် ပုံစံတစ်မျိုးရှိနေပြန်တာက မြန်မာပန်းချီပြခန်းတစ်ခုက နိုင်ငံတကာ ပန်းချီပရိသတ်နဲ့ ဟပ်မိနိုင်တဲ့ မြန်မာပြည်က လက်ရာရှင်တွေကို ပျိုးထောင်တဲ့နည်းနဲ့ အထောက်အပံ့ပြုပြီး အနုပညာရှင်နဲ့ ပြခန်း ပူးတွဲကာ နိုင်ငံတကာကို ထိုးဖောက်တဲ့ပုံစံပါ။ လက်ရာအနေနဲ့ အစွမ်းထက်သူတွေကို ဆေး၊ ကင်းဗတ်၊ အသုံးစရိတ်၊ စတူဒီယို စတာတွေ ဖြည့်ဆည်းပေးပြီး ထွက်ပေါ်လာတဲ့ အသီးအပွင့် ပန်းချီလက်ရာတွေကို ဈေးကောင်းကောင်းရတဲ့ ကမ္ဘာ့ပန်းချီနယ်ထဲ ဈေးကွက်ဝင်အောင် သွားရောင်းချတဲ့သူတွေလည်း ရှိနေပါတယ်။ ဥပမာ –Myanmar Gallery of Comtemporary Art .

လတ်တလောမှာ ဒီပူးတွဲ ထိုးဖာက်ပုံစံနဲ့ သွားနေကြတဲ့ အဖွဲ့တွေတော့ အရှိန်တန့်နေသလို သတင်းထွက်နေပါတယ်။

ပန်းချီပြပွဲတွေမှာ ရောင်းရတဲ့ ပန်းချီကားနည်းနေတဲ့ ဒီဘက်တစ်နှစ်အတွင်း ထူးထူးခြားခြား လှုပ်ရှားသွားတဲ့ ပွဲကတော့ ဝင်းဖေမြင့်ရဲ့ နယူးထရက်ရှာက ပန်းချီကား သေးသေးလေးတွေချည်းပြတဲ့ ဆီဆေး စကက်ချ်ပွဲဖြစ်ပါတယ်။ ဝါရင့် နိုင်နင်းပညာပြည့်တဲ့ မြန်မာပန်းချီကျော် ဝင်းဖေမြင့်က အရွယ်သေးသေး (အကြီးဆုံးမှ ၁ ပေ ပတ်လည်ဝန်းကျင်) နဲ့ အရသာရှိတဲ့ သူ့ရဲ့ ဆီဆေးရေးချက်တွေနဲ့ Still Life အများစုပါတဲ့ ပန်းချီကားလေး တွေစုပြီး ပြပွဲခင်းပေးခဲ့တာပါ။ တစ်ကားချင်း တန်ဖိုးက ကျပ်ငါးသောင်းအတွင်းမှာပဲ သတ်မှတ် ခဲ့ရတာပါ။ သူ့လက်ရာလေးတွေက ဆွဲဆောင်လွန်းလို့ ပန်းချီဆရာအချင်းချင်းရော ပြည်တွင်းဝယ်ယူစုဆောင်းသူတွေပါ ၂ ကား ၃ ကားအထိ ဝယ်ဖြစ်ကြတာကို မြင်တွေ့ခဲ့ရပါတယ်။


(ဦး)ခင်မောင်ရင်ရဲ့ နာမည်ကျော် Seated Dancer


(ဦး)ခင်မောင်ရင်ရဲ့ စိတ်ကူးအာရုံမြင် ပုဂံ

ပြည်ပက စိတ်ဝင်စားမှုထက် ပြည်တွင်းက ပန်းချီ မြတ်နိုးသူတွေ တန်ဖိုးထားစုဆောင်းခံရတဲ့ ပန်းချီဆရာကတော့ ဗိသုကာ ဦးခင်မောင်ရင်ပဲ ဖြစ်ပါတယ်။ ဦးခင်မောင်ရင်ဟာ Abstract နဲ့ Semiabstract ပန်းချီတွေရေးသလို သရုပ်မှန်ကနေ လမ်းခွဲပြီး အနောက်တိုင်းက ၁၉ ရာစု မော်ဒန်ပန်းချီရေးဟန်မျိုးကို မြန်မာရနံ့ပါအောင် လက်စွမ်းပြထားတဲ့ ကားမျိုးတွေလည်း ရေးဆွဲနေသူ ဖြစ်ပါ တယ်။ သူ့လက်ရာတွေထဲမှာ Seated Dancer နဲ့ အင်ပရက်ရှင်းနစ် ဟန်လွှမ်းတဲ့ ပုဂံနဲ့ ထနောင်း ကားများဟာ ထူးထူးခြားခြား ရှိနေတယ်လို့ ဆိုရပါမယ်။ ဆရာ့ရဲ့ ပန်းချီကား ရောင်းချမှုပုံစံက လွတ်လပ်ပေါ့ပါးပြီး မြန်မာပြည်မှာ ဘယ်သူတွေ ဘယ်လို ဈေးနှုန်းတွေနဲ့ ဘယ်လိုပန်းချီကားတွေပဲ ရောင်းနေရနေရ သူ့ လက်ရာတွေနဲ့ ချိန်ထိုးမနေဘဲ သူစိတ်ချမ်းသာတဲ့ ဈေးနဲ့ပဲ ပန်းချီကားတွေကို ရောင်းချတဲ့ ပုံစံဖြစ်ပါတယ်။

အခု ဟိုတယ်နီကိုးမှာ ပန်းချီအရောင်းဆိုင် ဖွင့်ကြတော့ သွားတင်ထားကြပြီး အရင်က ရွှေတောင်ကြား Summit ပန်းချီပြခန်းမှာ ပြသကြလေ့ရှိတဲ့ တင်မောင်ဦး၊ ဘိုကြည်စသူတွေဟာလည်း အရှေ့တိုင်းခေတ်သစ်ပန်းချီကို နှစ်သက်တဲ့ ပြည်ပပန်းချီမြတ်နိုးသူတွေကြားမှာ နာမည်ရနေကြ ပြီဖြစ်ပါတယ ်။

မန္တလေးမှာတော့ ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းမှာ အုံ့သြဖွယ် Abstract နဲ့ Semi-Abstract ပန်းချီရေးဆွဲ မှုတွေ လှုပ်ရှားနေကြပြီး တချို့လုပ်ကိုင်ပုံတွေက Performance Art နဲ့ ရောနှောတဲ့ အနေအထားတွေနား ရောက်သွားကြတာကို ပန်းချီလှုပ်ရှားမှုအကြောင်း သတင်းပေးတဲ့ စာမျက်နှာတွေကနေတစ်ဆင့် သိနေရပါတယ်။

မြန်မာပန်းချီဟာ စနစ်တကျ တစ်ကျော့ ပြန်ပြီးရေးသူတွေကလည်း အားစိုက်၊ ပွဲတင်ဆက်သူတွေကလည်း ခမ်းနား တန်ဖိုးရှိအောင် ကြိုးစား၊ ပြည်တွင်းပြည်ပ Collector တွေကလည်း ဝယ်ယူစုဆောင်းလာကြတာ ၁၀ စုနှစ် ဝန်းကျင်သာ ရှိပါသေးတယ်။ အဲဒီလို ကာလတိုတိုလေး ဖွံ့ဖြိုးလာတဲ့ကြားမှာကိုပဲ အခုဈေးကွက်အေးတာ ၂ နှစ်ဝန်းကျင် ရှိနေပြန်ပြီတဲ့။ ပန်းချီရေးသူတွေ ကတော့ အရင် အနှစ် ၂၀ – ၃၀ ကထက် အားကောင်း မောင်းသန် ရှိလာကြတာတော့ အမှန်ပါပဲ။ လက်ရာအားတွေပါနေတာ တွေ့ရသလို၊ ဈေးကွက်ဝင်ခဲ့ရင် ထိုက်တန်တဲ့ အနုပညာကြေးခံစားခွင့်က ပါလာတယ်ဆိုတာအပေါ် ရမ္မက်နဲ့ အားစိုက်နေကြသူတွေလည်း မနည်းလှပါဘူး။ ဒါ့အပြင် လူငယ်တွေအနေနဲ့ ကျတော့လည်း များပြားဖွံ့ဖြိုးလာတဲ့ ပန်းချီပြခန်း Gallery တွေရှိလာလို့ သူတို့အနုပညာစွမ်းပြခွင့် ပိုသာလာတယ်ဆိုတဲ့ အတွေးနဲ့ သူငယ်ချင်းအစုတွေ၊ အနုပညာကျောင်း တက်ဖက်တွေ၊ တစ်ကိုယ်တော် လက်စွမ်းပြပွဲတွေ ကြိုးစားကျင်းပလာကြပါတယ်။

ပန်းချီပွဲ တစ်ပွဲဆိုတာကလည်း ဒီမြန်မာနိုင်ငံမှာက ရောင်စုံပန်းချီကားတွေပါတဲ့ ကက်တလောက် ရိုက်နှိပ်တာနဲ့၊ ပြခန်းငှားခနဲ့၊ ပန်းချီကားဘောင်ဖိုး နဲ့ ကျပ် ၁ သိန်း၊ ၂ သိန်းကုန်ပြီးမှ သန့်သန့်ခန့်ခန့် ပန်းချီပြပွဲရယ်လို့ ဖြစ်တာပါ။ ဒါကြောင့် အရောင်းအဝယ်အေးနေပေမယ့် အကုန်အကျခံပြီး ပွဲတွေတင်ဆက်နေကြတဲ့ ပန်းချီဆရာလူငယ်တွေနဲ့ ပန်းချီဆရာကြီးများကို လေးစား ကျေးဇူးတင်စရာလို့ မြင်ပါတယ်။


၂၀၀၂ အာဆီယံ Juror's choice ဆုရ ပန်းချီအောင်မြင့်ရဲ့ ပန်းချီကား (မိုင်းကိုင်စက္ကူပေါ် ဆေးအမည်းနဲ့ ရေးထားတဲ့ ပန်းချီကား၉ ပုံတွဲ)

၂၀၀၂ တုန်းက ကျင်းပခဲ့တဲ့ အာဆီယံပန်းချီပြပွဲမှာ မြန်မာက Grand Prize ရခဲ့တာ ဟာလည်း မြန်မာပန်းချီရဲ့ အဆင့်အတန်းတစ်ခုကိုတော့ (အနည်းဆုံး) အရှေ့တောင်အာရှက ဂရုမထားဘဲ မနေနိုင်အောင်ဖြစ်သွားခဲ့တဲ့ ဖြစ်ရပ် တစ်ခုပါပဲ။ ရတဲ့ပန်းချီကားက မြန်မာ့ရေမြေစရိုက် ပါဝင်တဲ့ ခေတ်သစ် (Modern) ပန်းချီတင်ပြပုံ ဖန်တီးမှုဖြစ်လို့ မြန်မာ့ မော်ဒန်ပန်းချီကို အာရုံ စူးစိုက်သူတွေအတွက် ယုံကြည်ချက်တွေ ပိုမိုခိုင်မာ အား ရှိစေခဲ့တဲ့ ဖြစ်ရပ်လို့ မှတ်တမ်းတင်ခဲ့ချင် ပါတယ်။ ၂၀၀၂ အာဆီယံ ပန်းချီပြိုင်ပွဲမှာ Grand Prize ဆုရသူက အင်းလျားပန်းချီပြခန်း ထူထောင်သူ ပန်းချီ အောင်မြင့် ဖြစ်ပါတယ်။

၂၀၀၂ အာဆီယံ ပန်းချီပြပွဲရဲ့ နောက်ပိုင်း ပြည်ပ ပန်းချီမြတ်နိုးသူတွေ မျက်စိကျလာသူက နေမျိုးဆေး ဖြစ်ပါတယ်။ သူကတော့ ဆီဆေးနဲ့ Acrylic တွေသုံးပြီးဆွဲတဲ့ ပန်းချီကားတွေ၊ Collage နည်းစံနစ် နည်းနည်းစွက်ပြီး ရိုးရာနဲ့လည်းလမ်းခွဲ၊ မြန်မာမှု အားကောင်းတာတွေလည်းယူ၊ သူ့ရေး ချက်တွေလည်းပါတဲ့ ဖန်တီးမှုအသစ်တွေ အများကြီး ပြုလုပ်လာတာ မြင်တွေ့ရပါတယ်။ ဂျပန်နဲ့ ဂျာမန် ပန်းချီစုဆောင်းသူတချို့က သူ့ရဲ့ ၂၀၀၂ နောက်ပိုင်း လက်ရာတွေ အာရုံစိုက်လာတယ်လို့လည်း သိရပါတယ်။

၂၀၀၃ ၊ ၂၀၀၄ ကာလများမှာ မြန်မာပန်းချီဆရာထဲကတချို့ အာရှအနုပညာအဖွဲ့အစည်းတွေရဲ့ ဖိတ်ခေါ်မှုနဲ့ ယိုးဒယား၊ ကမ္ဘောဒီးယား၊ စင်ကာပူစတဲ့ နိုင်ငံတွေ သွားခွင့်ကြုံလာကြပြီး အနုအညာဖန်တီးမှုနဲ့ လှုပ်ရှားမှု အသစ်တွေကိုလည်း ထိတွေ့ခွင့် ရလာခဲ့ကြတဲ့ သတင်းတွေ တွေ့လာရပါပြီ။

ပန်းချီကား အရောင်းအဝယ် အေးနေတယ်လို့ ဈေးကွက်သတင်းတွေရှိပေမယ့် အနုပညာပစ္စည်း ပန်းချီကားတွေကို နိုင်ငံတကာက ပန်းချီဆရာတွေလို ရေးချက်ကောင်းကောင်း၊ ကိုယ့်ရေမြေ ရနံ့လည်းပါ၊ ရေးဆွဲတဲ့ ဆေးတွေ–ကင်းဗတ်တွေ စတဲ့ မီဒီယံတွေကလည်း အဆင့်မီမီနဲ့ ရေးလာကြတဲ့ မြန်မာပန်းချီလောကဟာ နိုင်ငံတကာ ဈေးကွက်ထဲသွားဖို့ အားထုတ်မှုတွေရော၊ စိတ်ခံစားမှု သက်သက် ထုတ်ဖော်ပြသူတွေရော အရောင်အသွေးစုံ တောက်ပလျက်ရှိတယ်လို့ လတ်တလောအခြေအနေတွေကို သုံးသပ်ရမှာ ဖြစ်ပါတယ်။

## မြန်မာပြည်တွင်းက ထိပ်တန်း ပန်းချီကား စုဆောင်းသူ ၉ ဦး

ဦးကျော်ဝင်း

ဦးသိန်းဝင်း (PMG)

ဦးထွန်းလင်း (PMG)

ဦးတင်ဝင်း (ဗိဿနိုး)

ဦးအောင်မင်း (Magic Gallery)

နေမျိုးဆေး (nm Gallery)

သုခမိန်လှိုင်

ဦးလှဝင်း (လေသူရဲတစ်ဦး) (The Myanmar Gallery of Contemporary Art)

ကိုဇော်မင်းအေး

Back...

The Myanmar Chronicle

လစဉ်အထူး | အတွဲ၁၊ အမှတ် ၇၊ စက်တင်ဘာ ၂၀၀၄



ADDA Systems Software Development
That we are able is your advantage
Shwe Dream.com
MYANMARBIBLE.NET

# စာဖတ်နည်း ၊ စာရေးနည်း

အငြိမ်းစားသံအမတ်ကြီး ဦးသက်ထွန်း

စာသမားတိုက်စိုးဟု အမည်ပေးထားခံရသော ဦးသန်းထွတ်တစ်နှစ်လည်စာတမ်းအဖြစ် စာဖတ်နည်း၊ စာရေးနည်းအကြောင်း အနည်းငယ် တင်ပြလိုပါသည်။

## စာဖတ်နည်း

ကျွန်တော် ၁၁ နှစ်သားအရွယ် မြောင်းထဲလိမ့်ကျပြီး ပေါင်ကျိုးသွားသဖြင့် နာမည်ကျော် ဘောလုံးသမား ဖြစ်လိုသည့် စိတ်ကူးကို လက်လျှော့ပြီး စာကြမ်းပိုးဘဝသို့ ရောက်ခဲ့ပါသည်။ အမျိုးသားစိတ်ဓာတ်ပြင်းထန်သော မြို့မကျောင်း၌ စာသင်ကြားရသောကြောင့် အမျိုးသားနိုင်ငံရေးနှင့် ပတ်သက်သော နဂါးနီစာအုပ်များကို စတင်ဖတ်ရှုခဲ့ပါသည်။ အထက်တန်း စာမေးပွဲကို ပါဠိဘာသာဖြင့် အောင်မြင်သော်လည်း အသက်ငယ်ရွယ်လွန်း၍ ဘာသာရေးတွင် စိတ်မဝင်စား၊ အချစ်ဝတ္ထု၊ ကဗျာတို့ကိုလည်း မဖတ်ခဲ့ပါ။ ထိုနောက် အကျင့်ပါသွားပြီး non-fiction social sciences လူမှုရေး သိပ္ပံစာအုပ်များကို အဖတ်များခဲ့၏ ။ ကျွန်တော်နှင့်အတူ ဗိလတ်သဘော်စီးသော ကိုသန်းထွတ်(တိုက်စိုး)က ''ခင်ဗျားက လူတစ်ဦးကို တစ်ဦးတစ်ယောက်အနေနဲ့ ဘယ်တော့မှမကြည့်ဘူး။ လူတန်းစား၊ လူတစ်စုအထဲက တစ်ဦးတစ်ယောက်အနေနဲ့ပဲ မြင်တယ်''ဟုပြောဖူး၏ ။ သို့ငြားလည်း ကျွန်တော်ချမှတ်လိုသော စာဖတ်နည်းဥပဒေသတစ်ခုမှာ မိမိဝါသနာပါသည်ကိုဖတ်ခြင်းဖြစ်၏ ။

ချွင်းချက်တော့ရှိပါသည်။ မိမိအသက်မွေးဝမ်းကြောင်းအတွက် မသင်မနေရ ဘာသာရပ်စာပေဖြစ်၏ ။ ပေါင်ကျိုး၍ ဆေးရုံ (၃)လတက်စဉ် မြန်မာလူမျိုးထဲမှ ပထမဆုံး FRCS ဘွဲ့ရသူ ခွဲစိပ်ကုဆရာဝန်ကြီး ကာနယ်အောင်ခင်ကို အားကျ၍ ဆရာဝန်ဖြစ်ချင်ပြီး ဆေးသင်တန်းတက်နိုင်ရန် သိပ္ပံဘာသာစာပေတို့ကို ကြိတ်မှိတ်ဖတ်ခဲ့ရပါသည်။ သို့သော် ဒုတိယကမ္ဘာ စစ်ကြီး မြန်မာပြည်ရောက်၊ တက္ကသိုလ်ပိတ်၊ နယ်သို့စစ်ပြေးပြီး ပြန်အလာ ဖွင့်ထားသည့်ကျောင်းမှာ တစ်ခုတည်းရှိရာ ယင်းဂျပန်စကားသင်ကျောင်းတက်ခဲ့၏ ။ နောက်တစ်နှစ်အကြာ ဂျပန်ပြည်သို့ ဂျပန်ဘာသာနှင့် စာပေလေ့လာရန် ပညာတော်သင်စေလွှတ်ခြင်းခံရရာ၊ သိပ္ပံမှ ဝိဇ္ဇာသို့ လိုင်းပြောင်း သွားပြန်၏ ။

တိုကျို၌ နေထိုင်ခဲ့သော ဒေါင်းဂေဟာသည် ခန်ဒါကုဓော် စာအုပ်ဆိုင်အများအပြားရှိသည့် ကျောင်းသားရပ်ကွက်၌ တည်ရှိရာ၊ စာအုပ်တစ်အုပ်ဝယ်ပြီး ခြေညောင်းလာသည်အထိ မတ်တပ်ရပ်၍ အခြားစာအုပ်များကို ''မြည်း''နိုင်၏ ။ ဤသည်လည်း စာဖတ်နည်းတစ်မျိုး ဖြစ်၏ ။

အနောက်နိုင်ငံ၌ အလုပ်များသူတို့သည် အချိန်လု၍ စာဖတ်ရ၏ ။ ရေအိမ်သာတက်ရင်း စာဖတ်သူလည်းရှိ၏ ။ ပါတီသွားခါနီး ဇနီးသည်အလှပြင်သည်ကိုစောင့်ရင်း စာဖတ်သူလည်းရှိ၏ ။ တိုကျိုမြို့၌ နေ့စဉ်ရုံးသွား ကျောင်းသွားရသည်မှာ တစ်နာရီ နှစ်နာရီ ကြာသဖြင့် ခရီးသွားစဉ် စာဖတ်ရသောကြောင့် မီးရထား၊ မြေအောက်ရထားတို့ လှုပ်ရှားမှုကြောင့် မျက်စိပျက်ကုန်ကြ၏ ။ သို့ကြောင့် ဂျပန်လူမျိုးနှစ်ယောက်တွင် တစ်ယောက်မျက်မှန်တပ်ကြရသည်ဆို၏ ။

အချိန်ကနည်း ဖတ်စရာတွေကများ၍ သမ္မတကနေဒီလို စာမျက်နှာတစ်မျက်နှာကို တစ်စက္ကန့်နှင့် ဖတ်သည့်နည်း ရှိသည်ဆို၏ ။ ကျွန်တော်စမ်းကြည့်ရာ မအောင်မြင်ပါ။ အင်္ဂလိပ်စာရေးကြရာဝယ် အခရာဖြစ်သော စာပိုဒ်အစ စာကြောင်းများကို ဖတ်သည်နှင့်ပင် စက္ကန့် ၆၀ ကုန်မည်ဖြစ်၏ ။ မနှေးမမြန်၊ မှန်မှန်ဖတ်ခြင်းက အကောင်းဆုံးဖြစ်၏ ။

နိုင်ငံခြားဘာသာဖတ်သည့်အခါ စကားလုံးသစ်တွေ့လျှင် အဘိဓာန်ချက်ချင်းလှန်သင့်၏ ။ သို့မှသာ ယင်းဘာသာတွင် တိုးတက် မှုရှိနိုင်မည်။ အဘိဓာန်လှန်ရန် ပျင်းနေပါက အဓိပ္ပာယ်ကောက်လွဲနိုင်၏ ။

ဖတ်ရန်စာအုပ် ဘယ်ကရမည်နည်းဆိုသည့် ပြဿနာရှိ၏ ။ ကျောင်းသားလူငယ်ဘဝတွင် ကျောင်းစာကြည့်တိုက်၊ ရပ်ကွက် စာကြည့်တိုက်၊ မြို့ပြစာကြည့်တိုက်တို့ကို အားကိုးရ၏ ။ မြို့မကျောင်းသားဘဝ ဘုန်းကြီးလမ်း၌နေစဉ် ကျွန်တော့်ညီငယ်က ''ဆံနီရေ၊ ထမင်းစားကြတော့မယ်၊ အိမ်ပြန်လာတော့''ဟု အော်ဟစ်၍ လာခေါ်လေ့ရှိ၏ ။ အစပထမတွင် ပဲရော့ ဦးဆံနီက သူ့နာမည် ဘယ်သူများ ခေါ်ပါလိမ့်ဟု အပေါ်ထပ်ပြတင်းပေါက်မှ ထွက်ကြည့်လေ့ရှိ၏ ။ ရန်ကုန်တက္ကသိုလ်၌ ဘာသာရပ်တွင် ပြဋ္ဌာန်းသည့်စာအုပ် တစ်အုပ် နှစ်အုပ်ဝယ်ဖတ်ခြင်းဖြင့် လုံလောက်ခဲ့၏ ။ နိုင်ငံခြားတက္ကသိုလ် ကောလိပ်တို့၌ကား ရည်ညွှန်းစာအုပ် များပြားလွန်း၍ စာကြည့်တိုက်တို့ကို အားကိုးရပြန်၏ ။

ဖတ်နည်းမှ ဖတ်ရာဘက်သို့ ပြန်သွားကြစို့။ သဘာဝသိပ္ပံလေ့လာရာတွင် တစ်ဆင့်ပြီးမှတစ်ဆင့် တက်ရ၏ ။ အသိပညာ နက်ရှိုင်းမှုက အရေးကြီး၏ ။ လူမှုရေးသိပ္ပံ လေ့လာရာတွင်ကား အမြင်ကျယ်မှုက ပိုအရေးကြီး၏ ။ သို့ကြောင့် ကျယ်ပြန့်စွာ စာဖတ်ဖို့ လိုအပ်၏ ။ ကျွန်တော်သည် အင်္ဂလန်၌ စာသင်ကြားစဉ် နေ့စဉ် မိုးလင်းမှ မိုးချုပ်အထိ စာအုပ်ပေါင်းမြောက်မြားစွာကိုဖတ်ရ၏ ။ စာမေးပွဲစစ်သော ပါမောက္ခကြီးများသည် ၎င်းတို့၏ ဘာသာအသီးသီးတွင် တစ်ဘက်ကမ်းခပ်သူတို့ဖြစ်ရာ၊ စာဖြေလွှာကိုကြည့်ရုံဖြင့် ဖြေဆိုသူသည် မည်မျှစာဖတ်ထားသည်ကို သိကြ၏ ။

ကျောင်းသားဘဝကိုဖြတ်ကျော်၍ အလုပ်ဝင်သောအခါ စီးပွားရေးစီမံကိန်းရေးဆွဲခြင်း၊ အမျိုးသားစီမံကိန်းရေးဆွဲခြင်းလုပ်ငန်း တို့မှာလည်း စာဖတ်ရသော အလုပ်ဖြစ်၏ ။ တစ်ခုပိုလာသည်မှာ ကိန်းဂဏန်းများကိုပါ လေ့လာရခြင်း ဖြစ်၏ ။

ပါရီသံရုံး၌ အမှုထမ်းစဉ် သက်ဆိုင်ရာနိုင်ငံများအကြောင်းလေ့လာခြင်း၊ ပြင်သစ်စာစကား လေ့လာခြင်းမှအပ ပြင်ပ စာဖတ်ဖို့ အချိန်သိပ်မရခဲ့ပါ။ ပါရီမြို့ ယူနက်စကိုဌာနချုပ်၌ (၇)နှစ်အမှုထမ်းစဉ်၊ ရုံးအစီရင်စာတို့မှာ ပြင်သစ်မှ အင်္ဂလိပ်သို့ ဘာသာပြန်ထားခြင်းဖြစ်၍ ကြိတ်မှိတ်ဖတ်ရပါသည်။ ပြင်ပစာအုပ်များဖတ်သည်ကို စာရင်းယူထားရာ စာအုပ် (၉၀)အနက် ဒေသန္တရဗဟုသုတ (၃၃)အုပ်၊ အထွေထွေ ဗဟုသုတ(၄)အုပ်၊ လူမှုရေးသိပ္ပံ(၁၅) အုပ်၊ အတ္တုပ္ပတ္တိ(၃)အုပ်၊ သမိုင်း(၈)အုပ်၊ ဟာသ(၄)အုပ်၊ ဘာသာစကား(၃)အုပ်၊ မြဖင်ကဗျာ(၁)အုပ်ဖြစ်၏ ။ မြန်မာစာအုပ်(၈)အုပ်မှာ တိုက်စိုး၏(၆) အုပ်နှင့် သိန်းဖေမြင့်၏(၂)အုပ်ဖြစ်၏ ။ ဒေသန္တရဗဟုသုတစာအုပ် များများဖတ်ဖြစ်ခြင်းမှာ ဥရောပတိုက်၏ ဗဟိုအချက်အခြာဖြစ်သော ပါရီမှ ဥရောပတစ်ခွင် ပြဲပြဲစင်အောင် ခရီးသွားခဲ့ခြင်းကြောင့်ဖြစ်၏ ။

စာကောင်းကောင်းအားရပါးရ ဖတ်နိုင်သည်မှာ အသက်(၆၀)ပြည့်၍ ယူနက်စကိုမှ အငြိမ်းစားယူပြီး မြန်မာပြည် ပြန်လာတော့မှ ဖြစ်ပါသည်။ ၁၉၈၆ ခုနှစ် ဧပြီလမှ ယခု၂၀၀၃ ခုနှစ် ဧပြီလအထိ ၁၇ နှစ်တာကာလအတွင်း စာအုပ် ပေါင်း(၆၅၄)ခန့် ဖတ်နိုင်ခဲ့ပါသည်။ အများစု(၅၄၈)မှာ အင်္ဂလိပ်စာအုပ်များဖြစ်၍ မြန်မာ(၇၇)၊ ဂျပန်(၂၇)၊ ပြင်သစ် (၂)အုပ်ပါဝင်ပါသည်။ ဘာသာရပ်အလိုက်မှာ လူမှုရေးသိပ္ပံ(နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အကြုံးဝင်)(၂၅၈)အုပ်၊ သမိုင်း (၁၃၁)အုပ်၊ အတ္တုပ္ပတ္တိ (၉၇)အုပ်(ကိုယ်တိုင်ရေး ၂၀ အပါအဝင်၊ ဗဟုသုတ(၅၁)အုပ်(ဆေးပညာ ၁၉ အပါအဝင်)၊ စကား နှင့်စာပေ(၄၇)အုပ်၊ ဟာသ(၃၃)အုပ်၊ ပညာရေး(၁၅)အုပ်၊ ကွန်ပြူတာ ပညာ(၁၃)အုပ်နှင့် ဘာသာရေး(၁၀)အုပ် တို့ဖြစ်၏ ။

အငြိမ်းစားယူပြီးနောက်တွင်ပင် လူမှုရေးသိပ္ပံ အဖတ်များသည်မှာ လုပ်ငန်းရင်း၊ ဝါသနာရင်းနှင့် သံယောဇဉ် မဖြတ်နိုင်ခြင်းကြောင့်ဖြစ်သည်။ တိုင်းပြည်နှင့် လူမျိုးတို့၏ သမိုင်း၊ လူတစ်ဦးတစ်ယောက်စီ၏ ဘဝသမိုင်းဖြစ်သော အတ္တုပ္ပတ္တိတို့ကို အဖတ်များလာသည်မှာ မိမိကိုယ်တိုင်ကလည်း အသက်ရလာ မိမိခင်မင်လေးစားသော သမိုင်းနှင့် အတ္တုပ္ပတ္တိစာရေးဆရာ တိုက်စိုး၏ သြဇာသက်ရောက်မှုကြောင့်ဟုလည်း ဆိုနိုင်ပါသည်။

စာဖတ်ချိန်နှင့် ပတ်သက်၍ကား နံနက်စောစော ခေါင်းရှင်းသည့်အခါ အခက်ဆုံးစာများကိုဖတ်၏ ။ နေ့လယ်တစ်ရေးတမော လှဲလျောင်းခွင့်ရလျှင် ခေါင်းရှင်းသွားပြန်သဖြင့် အရေးကြီးသည့်စာများကို ဖတ်နိုင်၏ ။ အလွန်စိတ်ဝင်စားသည့်စာများကိုမူ အချိန်မရွေး ဖတ်နိုင်၏ ။ ညအိပ်ရာဝင်ခါနီးတွင်ကား စိတ်ချမ်းမြေ့စေမည့် ဟာသစာပေကိုဖတ်၏ ။ နိုင်ငံခြားခရီးသွားစဉ် အချိန်ကွာခြားမှုကြောင့် ညလယ်တွင် နိုးပြီးအိပ်မရသည့်အခါ အစည်း အဝေး စာရွက်စာတမ်း၊ အထူးသဖြင့် ကုလသမဂ္ဂမှ ထုတ်ဝေသည်တို့ကို ဖတ်လိုက်လျှင် နာရီဝက်အတွင်း ပြန်အိပ်သွား၏ ။ ကျွန်တော်၏ ညအိပ်ဆေးဖြစ်၏ ။

## စာရေးနည်း

ငယ်စဉ်ကပင် စာရေးချင်ခဲ့သော်လည်း ရေးစရာ ဘဝအတွေ့အကြုံမရှိ၍ မရေးနိုင်ခဲ့။ အသက်(၁၆)နှစ်အရွယ် ရန်ကုန် ဂျပန်ဘာသာစကားသင်ကျောင်း၌ စာသင်ကြားနေစဉ် နိပ္ပွန်–မြန်မာ–အင်္ဂလိပ် အဘိဓာန်ပြုစုရာတွင်ကားပါဝင်ခဲ့ဖူး၏ ။ ကျောင်းအုပ်ကြီး ပါမောက္ခ ဦးအေဒါရေးနိဒါန်းတွင် ဤသို့ပါ၏ ။ ''ဤအဘိဓာန်စာအုပ် ဖြစ်မြောက်လာရသည်မှာလည်း၊ ဆရာဦးကျော်ငွေ၊ ဆရာကူဆာနာဂီနှင့် ကျောင်းသားမောင်သက်ထွန်းတို့၏ လုံ့လကြောင့်ပင်ဖြစ်၏ ။ ထိုသူများအား အထူး ကျေးဇူးတင်ရှိပါ၏ ။''

ထို့နောက်ဆရာ ကူဆာနာဂီ၏ တိုက်တွန်းချက်အရ ဆောင်းပါးတစ်စောင် ဂျပန်ဘာသာဖြင့် ရေးခဲ့ဖူး၏ ။ ဆရာ့မှတ်တမ်းအရ ''ယိုမီအူရိ သတင်းမှ ကူရိမိုက ဂျပန်လူမျိုးရှုထောင့်ကို ကောင်းစွာနားလည်သော (မြန်မာရေး) ဆောင်းပါးတစ်စောင် မေတ္တာ ရပ်ခံသောကြောင့် မောင်သက်ထွန်းနှင့် တိုင်ပင်ကြည့်၏ ။ ၎င်းကိုယ်တိုင်ရေးရင် ဖြစ်မလားဟုမေး၍ နောက်တစ်နေ့စာမူယူလာ၏ ။ အတော်စိတ်ဝင်စားဖွယ်ရာကောင်း၏ ။ စာမူတွင် အမှား ပါသော်လည်း ထိုအမှား ကိုယ်တိုင်က စိတ်ဝင်စားဖွယ်ရာ။ စာပြင်ပြီး ကူရိမိုတိုအား မပေးမီ မူရင်းကို ကျွန်တော်၏ နေ့စဉ်မှတ်တမ်းထဲ ကူးယူထားလိုက်၏ ။ ဆောင်းပါးအမည်မှာ ''ဂျပန်လူမျိုး''ဖြစ်၏ ။

အသက်(၁၇)နှစ်အရွယ် ဂျပန်ပြည်သို့ ပညာတော်သင်သွားရောက်၍ တိုကျိုမြို့ အပြည်ပြည်ဆိုင်ရာ ပညာရှင်များသဟာယ၏ ဂျပန်ဘာသာစကား သင်ကျောင်း၌ စာသင်ကြားစဉ် နာမည်ကျော် ဂျပန်စာရေးဆရာ အကုတဂါဝါ–ရိယုနော့စုကေ၏ ဝတ္ထုဝေဖန်ချက် တစ်ရပ်ရေးသားဖူး၏ ။ နိုင်ငံခြား ကျောင်းသားလူငယ်တစ်ဦး၏ ရေးသားချက် အထူးအဆန်း ဖြစ်၍ ကျောင်းမော်ကွန်းတိုက်၌ ထိန်းသိမ်းထား သည်ဟုဆို၏ ။

မြန်မာဘာသာဖြင့် စတင်ရေးသားသည်မှာ အသက်(၂၁)နှစ်ရွယ် အင်္ဂလန်နိုင်ငံသို့ ပညာတော်သင်အသွား ဗိလတ် သင်္ဘောကြီးပေါ်၌ အင်္ဂလိပ်မြန်မာ ကပြားမကလေး အင်္ဂလိပ်စစ်ဗိုလ်များအကြား ''မြူး''နေသည်ကိုတွေ့ရှိ၍ မနာလိုစိတ်ပေါ်ပြီး ရေးသားခဲ့သော ''ကပြား'' ဝတ္ထုတိုဖြစ်၏ ။ လမ်းခရီး ထက်ဝက် Port Saidမှ မြန်မာပြည်ပြန်ပို့၍ ဆရာရန်အောင်က ပဒေသာမဂ္ဂဇင်းထဲထည့်ပေး၏ ။ ဒုတိယဝတ္ထုတိုမှာ အင်္ဂလန်မှအပြန် ဗိလတ်သင်္ဘောကြီးပေါ်၌ စာရေးသူ ကိုယ်တိုင်တွေ့ရှိနှစ်သက်မိသော စကော့တလန်သူလေး ''ရှီလာ''ဖြစ်၏ ။ ဆရာရန်အောင်က ရှုမဝမဂ္ဂဇင်းထဲ ထည့်ပေး၏ ။

အမျိုးသားစီမံကိန်းဌာန၌ ၂၅ နှစ်တိုင်တိုင် ဘောဂဗေဒပညာလုပ်ငန်း လုပ်ကိုင်လိုက်ရာ မြန်မာစာရော၊ အင်္ဂလိပ်စာပါ အရေးအသားဉာဏ်တုံးသွား၏ ။ ရုံးအစီရင်ခံစာများသာ ရေးနေရသောကြောင့်ဖြစ်ဟန်တူ၏ ။ ရံဖန်ရံခါ ၎င်းဉာဏ်ပြန်ပေါ်သည်နှင့် မိမိရင်းနှီးခင်မင်သော ဆွေမျိုးမိတ်သဟာတို့ သေဆုံးသွားသည့်အခါ obituary ထောမနာ စာတမ်းရေးရာမှဖြစ်၏ ။

သံရုံး၊ အပြည်ပြည်ဆိုင်ရာရုံးတို့၌ အမှုထမ်းနေသည့်ကာလအတွင်းမှာလည်း လုပ်ငန်းအကြောင်း စာမရေးသားရ ဟူသော ပညတ်ချက်ကြောင့် စာမရေး ဖြစ်ခဲ့။ စာပြန်ရေးသည်မှာ အငြိမ်းစားယူပြီးမှပင်။ ရုံးစာပေ၊ အထူးသဖြင့် ဘောဂဗေဒစာပေကို အင်္ဂလိပ် ဘာသာဖြင့် အရေးများခဲ့သဖြင့် အကျင့်ပါပြီး စာပြန်ရေးသည့်အခါ အင်္ဂလိပ်ဘာသာကိုသုံး၏ ။ လုံးချင်းစာအုပ်များထုတ်လျှင် မြန်မာမှုပြု၍ အင်္ဂလိပ်–မြန်မာ နှစ်ဘာသာဖြင့်ထုတ်၏ ။ အင်္ဂလိပ်စာသင်ကြားနေသော မြန်မာကျောင်းသားများအတွက် ဘာသာပြန် အထောက်အကူ ဖြစ်စေရန် ရည်ရွယ်ချက်လည်းပါ၏ ။ မြန်မာစာရေးသားခြင်းနှင့် နှစ်ပေါင်းများစွာကင်းဝေးနေသော်လည်း မြို့မကျောင်း မြန်မာစာနှင့် ပါဠိ ဘာသာအခြေခံကြောင့် အခက်အခဲသိပ်မရှိလှ။

စာရေးနည်းနှင့် ပတ်သက်၍ အချိန်မှာ စာဖတ်ခြင်းနှင့် နည်းတူ၊ နံနက်စောစောခေါင်းရှင်းသည့်အခါ အခက်ဆုံး စာများကိုရေး၏ ။ နေ့လယ် တစ်ရေးတမောလှဲလျောင်းခွင့်ရလျှင် ခေါင်းရှင်းသွားပြန်သဖြင့် အရေးကြီးသည့်စာများကို ရေးနိုင်၏ ။ အင်္ဂလိပ်မှ မြန်မာဘာသာ ပြန်ဆိုမှုကို အချိန်မရွေး လုပ်နိုင်၏ ။ မြန်မာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုမှုမှာ အနည်းငယ်ပိုခက်၏ ။ စာလုံးရွေးချယ်မှု၊ ဝါကျချောမွေ့မှု ပြဿနာများရှိလျှင် တစ်ရေးနိုး အကြံပေါ်ဆိုသည့်အတိုင်း တစ်ရေးနိုးချိန်တွင် အဖြေပေါ်လေ့ရှိ၏ ။

ဘာစာတွေရေးသနည်း? ရေးသားချက်(၈၀၀)ခန့်အနက် ထက်ဝက်နီးပါးမှာ ပုံရိပ်လွှာများဖြစ်၏ ။ (ဦးသန်းထွတ်၏ သြဇာ သက်ရောက်မှုပင်လော နိုင်ငံအလိုက်ခွဲလျှင် မြန်မာပြည်အကြောင်းက ထက်ဝက်ကျော်၊ နိုင်ငံအကြောင်းက ထက်ဝက်နီးပါးရေး၏ ။ (နိုင်ငံခြား၌ အနှစ်(၂၀)ခန့်နေဖူး၍ နိုင်ငံခြားသို့ အကြိမ်(၅၀)ကျော်သွားဖူးသောကြောင့်ဖြစ်မည်။) ဘာသာရပ်အလိုက်ခွဲလျှင် စီးပွားရေး ရာခိုင်နှုန်း(၂၀)၊ နိုင်ငံတကာ(၁၅)၊ ပညာရေး (၁၀)၊ နိုင်ငံရေး(၁၀)၊ သမိုင်း(၅)တို့ ဖြစ်၏ ။ (အလုပ်အကိုင်ကြောင့်ဖြစ်၏ ။) လုံးချင်း ထုတ်စာအုပ်(၁၀)အုပ်အနက် (၄)အုပ်မှာ ဟာသဖြစ်၏ ။

Back...

The Myanmar Chronicle

လစဉ်အထူး

အတွဲ၁၊ အမှတ် ၇၊ စက်တင်ဘာ ၂၀၀၄



# မန္တလေး IT မှ ICT သို့ ခေတ်အပြောင်းအလဲ

ကွန်ပျူတာကို စာစီစာရိုက်၊ ရုံးတွင်းလုပ်ငန်းသုံးအဖြစ်လောက်သာ သုံးနိုင်သေးတဲ့ အနေအထားကနေ ၂၀၀၀ ပြည့်နှစ်မှာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက မန္တလေးမှာ e-mail သုံးနိုင်အောင် စီစဉ်ပေးလိုက်တော့ ကွန်ပျူတာတွေဟာ ဆက်သွယ်ရေးလုပ်ငန်းမှာပါ အသုံးဝင်သွားတယ်။ ခေတ်သစ်ထဲကို အင်မတန်ကျယ်တဲ့ ခြေလှမ်းကြီးတစ်လှမ်း လှမ်းဝင်လိုက်တာပါပဲ။

၂၀၀၂ ခုနှစ်ထဲမှာ Bangan Cyber Techက တယ်လီဖုန်းလိုင်းကတစ်ဆင့် အင်တာနက်သုံးနိုင်ဖို့နဲ့ Broadband Wireless Service ကို မန္တလေးမြို့နဲ့ မိတ်ဆက်ပေးလိုက်ပြီး ၂၀၀၂ ခုနှစ်ကုန်ပိုင်းမှာ မန္တလေးရုံးခွဲ ဖွင့်ပေးပါတယ်။

တစ်နှစ်ပြီး တစ်နှစ် Bangan Cyber Techရဲ့ ဝန်ဆောင်မှုကိုယူပြီး ICT ခေတ်သစ်ထဲ မန္တလေးမြို့က လှမ်းဝင်ခဲ့တဲ့ ဦးရေကို ယခုလို တွေ့ရတယ်။

| ခုနှစ် | iPstar | Broadband | Dial Up | Mail4u | Accesskit |
|---|---|---|---|---|---|
| ၂၀၀၂ | ၃၄ | ၇၄ | ၄၃၀ | - | - |
| ၂၀၀၃ | ၉၈ | ၂၂၂ | ၂၅၂ | ၅၉၈ | ၁၆၆ |
| ၂၀၀၄ | ၈၆ | ၂၅ | ၁၄၃ | ၆၈၃ | ၄၈၇ |
| စုစုပေါင်း | ၂၁၈ | ၃၂၁ | ၈၂၅ | ၁၂၈၁ | ၆၅၃ |

## မန္တလေး ICT Park

မန္တလေး ICT Park အမှတ်တံဆိပ်

၂၀၀၃ ခုနှစ် ဩဂုတ်လ ၁၆ ရက်မှာ မန္တလေး ICT Park ကို စတင်ဖွင့်လိုက်ပါတယ်။

မန္တလေး ICT Parkမှာ ကုမ္ပဏီရုံးခန်းပေါင်း ၄၄ ခန်းရှိပြီး ICT လေ့လာသင်ယူသူပေါင်း ၁၀,၀၀၀ ဦးခန့်ကို နည်းပညာတွေ သင်ကြားပြသပေးနေတယ်။ ဆော့ဖ်ဝဲ ရေးသားထုတ်လုပ်တဲ့ ကုမ္ပဏီခြောက်ခုက လုပ်ငန်းခွင်အသုံးချ ဆော့ဖ်ဝဲတွေ ရေးသားနေပြီဖြစ်ပါတယ်။

မန္တလေး ICT Parkမှာ ညှိသည့် ၄၀၀ခန့် သက်တောင့်သက်သာထိုင်နိုင်တဲ့ ကွန်ဖရင့်ခန်းမတစ်ခုရှိတယ်။ လေအေးစက် တပ်ဆင်ထားပြီး ကွန်ဖရင့်လုပ်ဖို့လိုတဲ့ ခေတ်မီပစ္စည်းမျိုးစုံ အဆင်သင့်ရှိတယ်။

လူ ၃၀ စာ အစည်းအဝေးခန်းမကျယ်တစ်ခုနဲ့ အရေးကြီးပုဂ္ဂိုလ်တွေ့ဆုံခန်း တစ်ခန်းလည်း MICT Park မှာရှိပါတယ်။

ညှိဆောင်ခန်းမကျယ်တစ်ခု (ဧရိယာ ၅,၀၀၀ စတုရန်းပေ) လည်းရှိပြီး ဈေးရောင်းပွဲတွေ ခင်းကျင်းဖို့၊ ကွန်ဖရင့်မှာ ညှိခံ ကျွေးမွေးဖို့၊ စုဆုံပွဲတွေပြုလုပ်ဖို့ အဆင်ပြေတယ်။

အစည်းအဝေးခန်းမ



ရုံးခန်း



ညှိဆောင်ခန်းမကျယ်



အစည်းအဝေးခန်း



MICT Park မှာ စားသောက်ဆိုင်ခန်း (Canteen)လည်း နေ့စဉ်ဖွင့်လှစ်ပေးထားပြီး လက်ဖက်ရည်၊ ကော်ဖီမှအစ နေ့လယ်စာအထိ စားသုံးနိုင်တယ်။

အင်တာနက် သုံးစွဲသူတွေအတွက် Cyber Cafe သုံးခုလည်း ဖွင့်ပြီးပြီ ဖြစ်ပါတယ်။

## မန္တလေးနဲ့ IT,ICT

| မန္တလေးကွန်ပျူတာဖြစ်စဉ်မှတ်တမ်း | |
|---|---|
| ၁၉၉၈-၉၉ | -မန္တလေးတိုင်းကွန်ပျူတာပညာရှင်များအသင်း၊ မန္တလေးတိုင်းကွန်ပျူတာလုပ်ငန်းရှင်အသင်းများ ဖွဲ့စည်းတယ်။<br><br>-The First IT Symposium ခေါင်းစဉ်နဲ့ ကွန်ပျူ တာအသင်းချုပ် (ရန်ကုန်)က လာရောက်ဆွေးနွေးပြောကြားတယ်။ |
| ၁၉၉၉-၂၀၀၀ | -Centre of International Co-operation for Computerization (CICC-Japan) နဲ့ ပူးပေါင်းပြီး ကွန်ပျူတာ ပညာရှင်အသင်းက ဂျပန်ပညာရှင်များ ဖိတ်ခေါ်ပြီး High Speed Internet Access ခေါင်းစဉ်၊ Distant Learning ခေါင်းစဉ်ဟောပြောပွဲတွေ ကျင်းပတယ်။ |
| ၂၀၀၀-၂၀၀၁ | -CICC-Japanနဲ့ မြန်မာကွန်ပျူတာ အသင်းချုပ် တို့ ပူးပေါင်းပြီး Bi-Lateral Conference ခေါင်း စဉ်ဟောပြောပွဲ၊ Seminar one-commerce ခေါင်းစဉ်ဟောပြောပွဲတွေလုပ်တယ်။ |
| ၂၀၀၁-၂၀၀၂ | ဟောပြောပွဲ သုံးခုပြုလုပ်ခဲ့တယ်။<br>(၁)IT နိုင်ငံခြားပညာသင်ဆု စာမေးပွဲများ<br>(၂)e-commerce Initiative in Myanmar<br>(၃)Seminar on Database Fundamentals |
| ၂၀၀၂-၂၀၀၃ | -ပထမအကြိမ် ICT နည်းပညာပြပွဲကို မန္တလေး မြို့တော်ခန်းမ(၁)မှာ ပြုလုပ်တာ ကွန်ပျူတာကုမ္ပဏီ ၅၀က ဝင်ရောက်ပြသတယ်။<br><br>-၁၅ကြိမ်မြောက် ကွန်ပျူတာပညာရပ်ဆိုင်ရာ ဟောပြောပွဲကို ပြုလုပ်တယ်။ |

မန္တလေးမှာ ၁၉၉၅ခုနှစ်ကစပြီး IT နည်းပညာဖွံ့ဖြိုးဖို့ အရှိန် စယူပါတယ်။ ပုဂ္ဂလိက ကွန်ပျူတာ သင်တန်းကျောင်း ငါးကျောင်း စဖွင့်ပြီး ကွန်ပျူတာကိုင်တွယ်အသုံးပြုပုံ အခြေခံအဆင့်က စသင်တယ်။ ၁၉၉၈ခုမှာ သင်တန်းကျောင်း ၁၀ကျောင်းဖြစ်လာတယ်။ ကွန်ပျူတာ သင်တန်းကျောင်းတွေက တစ်နှစ်ကို သင်တန်းသား ၂,၀၀၀ မှ ၅,၀၀၀ ခန့်အထိ မွေးထုတ်ပေးတာ တွေ့ရတယ်။

၁၉၉၈ ခု ဧပြီလ ၂၆ ရက်မှာ မန္တလေးတိုင်း ကွန်ပျူတာ ပညာရှင်အသင်းနဲ့ မန္တလေးတိုင်း ကွန်ပျူတာလုပ်ငန်းရှင်အသင်းတွေ စတင်ဖွဲ့စည်းပေးတယ်။ ကွန်ပျူတာ ပညာရှင်အသင်းမှာ အသင်းဝင် ၁၁၈ ဦးရှိပြီး ကွန်ပျူတာ လုပ်ငန်းရှင်အသင်းမှာ အသင်းသား ၁၅ ဦးရှိခဲ့တယ်။

မန္တလေး မြို့ခံတွေက ICT လုပ်ငန်း လုပ်ကိုင်နေသူတွေကို အထင်ကြီးကြတယ်။ (နည်းပညာကို အထင်ကြီးတာပါ။) လုပ်ငန်းမှာ ICTကို ပြောင်းလဲအသုံးပြုဖို့ ပွဲစား၊ ကုန်သည်အများစုမှာ ဆန္ဒ နည်းပါးနေသေးတယ်။ သားသမီးတွေကို ICTနည်းပညာ သင်ပေးဖို့ ထက်သန်ကြတယ်။

## မန္တလေးနဲ့ နိုင်ငံတကာအဆင့် ICT လှုပ်ရှားမှု

အိန္ဒိယနိုင်ငံ ဆက်သွယ်ရေးနဲ့ သတင်းအချက်အလက် နည်း ပညာဝန်ကြီး Mr. Arum Shourie နဲ့ ကိုယ်စားလှယ်အဖွဲ့တို့ ၂၀၀၃ ခု ဩဂုတ်လ ၂၁ ရက်မှာ MICT-Park ကိုလာရောက်ပြီး နှစ်နိုင်ငံ နည်းပညာ ဖလှယ်ရေးကိစ္စ ဆွေးနွေးကြတယ်။

eASEAN Working Group ကော်မတီဝင်များရဲ့ ၂၀၀၃ ခု အထွေထွေအစည်းအဝေးကို ၂၀-၁၁-၂၀၀၃ မှ ၂၂-၁၁-၂၀၀၃ အထိ MICT Park မှာ ကျင်းပပေးခဲ့ပါတယ်။

Back...

The Myanmar Chronicle

လစဉ်အထူး

အတွဲ၁၊ အမှတ် ၇၊ စက်တင်ဘာ ၂၀၀၄



ADDA Systems Software Development
That we are able is your advantage
Shwe Dream .com
MYANMARBIBLE.NET

# ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO မြန်မာပြည် ဌာနေကိုယ်စားလှယ် Dr.AgostinoBorra နှင့်တွေ့ဆုံခြင်း

ဖြိုးဝင်းလတ်

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHOဟာ ကုလသမဂ္ဂစနစ်ရဲ့ အထူးအေဂျင်စီ တစ်ခုဖြစ်ပါတယ်။ ဌာနချုပ်က ဆွစ်ဇာလန်နိုင်ငံ ဂျနီဗာမြို့မှာရှိပြီး ၁၉၄၈ခုနှစ်က တည်ထောင်ခဲ့ပါတယ်။ ၁၉၈၇ခုနှစ်က သည်အဖွဲ့ကြီးမှာ အဖွဲ့ဝင် (၁၆၆)နိုင်ငံ ရှိပါတယ်။ လက်ရှိမှာ အဖွဲ့ဝင် (၁၉၂)နိုင်ငံရှိပါတယ်။ သည်အေဂျင်စီရဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေဟာ သူရဲ့ဖွဲ့စည်းပုံဥပဒေမှာ ဖော်ပြချက်အရ ကဏ္ဍနှစ်ခုရှိပါတယ်။ နိုင်ငံတကာ ကျန်းမာရေးအကြံပေးရေး ကဏ္ဍနဲ့ နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍတို့ပဲဖြစ်တယ်။ ပထမလုပ်ငန်းအနေနဲ့ WHOဟာ ကျန်းမာရေးပြဿနာတွေနဲ့ပတ်သက်လို့ အပြည်ပြည်ဆိုင်ရာ လမ်းညွှန်မှုနဲ့၊ ညှိနှိုင်းမှု အာဏာပိုင်အနေနဲ့ ဆောင်ရွက်ပါတယ်။ WHOက ကျန်းမာရေးဆိုင်ရာ စံတွေသတ်မှတ် ပြဋ္ဌာန်းတယ်။ ကမ္ဘာလုံးဆိုင်ရာ မဟာဗျူဟာတွေ ချမှတ်တယ်။ သတင်းအချက်အလက် ဖလှယ်မှုကို မြှင့်တင်အားပေးတယ်။ ဒုတိယလုပ်ငန်းဖြစ်တဲ့ နည်းပညာပူးပေါင်းဆောင်ရွက်ရေး ဝန်ဆောင်မှုမှာ ဆေးဘက်ဆိုင်ရာဝန်ထမ်းတွေ လေ့ကျင့်သင် ကြားရေးကို ပံ့ပိုးကူညီမှုနဲ့ ရောဂါဆိုင်ရာ အသိပညာဖြန့်ဝေမှုတို့ ပါဝင်တယ်။ တုပ်ကွေး၊ ငှက်ဖျား၊ ကျောက်ရောဂါ၊ တီဘီ၊ လိင်မှတစ်ဆင့် ပျံ့ပွားသောရောဂါများ (STI) နဲ့ အေ့ဒ်စ်၊ မိခင်နှင့် ကလေးကျန်းမာရေး အာဟာရဖြစ်စေမှု၊ လူဦးရေစီမံမှုနဲ့ ပတ်ဝန်းကျင် သန့်ရှင်းရေးတို့ဆိုင်ရာ အသိပညာတွေ ဖြန့်ဝေပေးတာဖြစ်ပါတယ်။

Dr.Lee Jong-Wookဟာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHOရဲ့ လက်ရှိ ညွှန်ကြားရေးမှူးချုပ်ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဖွဲ့စည်းပုံစည်းမျဉ်းကို လိုက်နာပြီး ၁ ဇူလိုင် ၁၉၄၈မှာ အဖွဲ့ဝင်နိုင်ငံ ဖြစ်လာပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မြန်မာပြည်က မိမိရဲ့လုပ်ငန်းတွေကို ၁၉၅၇ ခုနှစ်က စလုပ်ပါတယ်။ အခုဆိုရင် WHO မြန်မာက "၅ မှာ ၃ အစပျိုး ထောင်မှု" နဲ့ လမ်းအန္တရာယ်ကင်းရှင်းရေး စီမံချက်တို့လို အဓိကကျတဲ့ အစပျိုး ဆောင်ရွက်ချက်တွေမှာ အားဖြည့်ပူးပေါင်း ဆောင်ရွက်နေပါတယ်။ "မြန်မာ ခရွန်နီကယ်" က WHOရဲ့ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် Dr.Agostino Borraကို မြန်မာနိုင်ငံ ကျန်းမာရေး စောင့်ရှောက်မှုစနစ်မှာ WHOရဲ့ အခန်းကဏ္ဍ တွေနဲ့၊ WHOက ကျွန်တော်တို့နိုင်ငံရဲ့ ကျန်းမာရေး စနစ်မှာ ဘာတွေဖြည့်ဆည်းပေးမယ်ဆိုတာတွေနဲ့ ပတ်သက်လို့ စာဖတ်သူတွေကို အသိပေးဖို့ သွားရောက်တွေ့ဆုံပြောဆိုခဲ့ပါတယ်။

မေး–WHO ရဲ့ရည်မှန်းချက်တွေက ဘာတွေလဲ။
ဖြေ–WHOရဲ့ အခန်းကဏ္ဍတွေက ဖြစ်သင့်တာထက်ပိုနေတဲ့ လူသေမှုနဲ့၊ ရောဂါဖြစ်ပွားမှုကို လျှော့ချဖို့၊ ငွေကြေးအရ သင့်တင့်တဲ့ ကျန်းမာရေးစနစ် ဖြစ်ထွန်းစေဖို့၊ ကျန်းမာရေးနဲ့ ညီညွတ်တဲ့ နေထိုင်မှုပုံစံတွေကို မြှင့်တင်ပေးဖို့၊ သဘာဝပတ်ဝန်းကျင်၊ စီးပွားရေး၊ လူမှုရေးနဲ့ အပြုအမူတို့ကြောင့်ပေါ်လာတဲ့ ကျန်းမာရေးကိုထိခိုက်စေတဲ့ အချက်တွေကို လျှော့ချဖို့နဲ့၊ ကျန်းမာရေးကဏ္ဍမှာ ကူညီပံ့ပိုးနိုင်တဲ့ မူဝါဒနဲ့ အင်စတီကျူးဆိုင်ရာ အသိုင်းအဝန်း ဖွံ့ဖြိုးစေဖို့ပဲဖြစ်တယ်။

မေး–လာမယ့်နှစ်မှာ WHO ကဘာတွေ လုပ်မလဲ။
ဖြေ–ကျွန်တော်တို့က အေ့ဒ်စ်၊ တီဘီနဲ့ ငှက်ဖျားတို့လို ကူးစက်စေတတ်တဲ့ ရောဂါတွေ ထိန်းကွပ်ရေးကို ဆက်လုပ်သွား မယ်။ ဒါ့အပြင် ကလေး သူငယ်တွေ ကာကွယ်ဆေးထိုးရေး၊ ကလေးသူငယ်နဲ့ ကြီးကောင်ဝင်ချိန် ကျန်းမာရေး အစီအစဉ်များ၊ မျိုးစက်ပြန့်ပွားမှုဆိုင်ရာ ကျန်းမာရေး အစီအစဉ်များကို ဆက်ပြီးကူညီသွားပါမယ်။ ဒါ့အပြင် ရေသန့်ရရှိရေးနဲ့၊ မိလ္လာနဲ့ ရေဆိုးနုတ်စနစ်အစီအစဉ်တွေ တိုးချဲ့ရေးမှာ နည်းပညာအကူအညီပေးဖို့လည်း မှန်းထားပါတယ်။ တကယ်တော့ အရာရာကို ကျွန်တော်တို့ချည်းပဲ မလုပ်နိုင်ပါဘူး။ ဒါပေမယ့် အေဂျင်စီတချို့နဲ့ ပူးပေါင်းဆောင်ရွက်ပါမယ်။ အထူးသဖြင့် ကျွန်တော်တို့ ရဲ့ အဓိက လုပ်ကိုင်ဖက်အဖြစ် ကျန်းမာရေးဝန်ကြီးဌာနနဲ့လည်း လက်တွဲဆောင်ရွက်သွားမှာပါ။

မေး–မိလ္လာနဲ့ ရေဆိုးနုတ်စနစ် စီမံချက်တွေနဲ့ ပတ်သက်လို့ အကျယ်ချဲ့ပြောပြပါလား။
ဖြေ–ကျွန်တော်တို့က ကျန်းမာရေးဝန်ကြီးဌာနက ရေ၊ မိလ္လာနဲ့ တစ်ကိုယ်ရည်သန့်ရှင်းရေးအတွက် ၅နှစ်တာ မဟာဗျူဟာ စီမံချက် အကောင်အထည်ဖော်နေတာကို ကူညီပံ့ပိုးနေပါတယ်။ ရေကောင်းရေသန့်ရဖို့ ပြည်သူတွေရဲ့ တောင့်တမှုကို ဖြည့်ဆည်းပေးဖို့နိုင်တဲ့ လိုက်ဖက်တဲ့နည်းပညာကို ကျွန်တော်တို့ ရှာဖွေနေပါတယ်။ တကယ် လက်တွေ့လုပ်နေတာက တခြားလူတွေပါ။ WHO မဟုတ်ပါဘူး။ WHOရဲ့ အခန်းကဏ္ဍက သောက်ရေ အရည်အသွေးစစ်ဆေးရာမှာ ပံ့ပိုးတဲ့အနေနဲ့ ရေနမူနာကို စစ်ဆေးပေးတာမျိုး နည်းပညာပံ့ပိုးမှု ပေးဖို့ပါပဲ။

မေး–မြန်မာနိုင်ငံအတွက် အန္တရာယ်အရှိဆုံးရောဂါက ဘာဖြစ်မလဲ။ အေ့ဒ်စ်လား၊ တီဘီလား။ ဒါမှမဟုတ် ငှက်ဖျားလား။ လူအများအမြင်မှာ အေ့ဒ်စ်က အဆိုးဆုံးပါပဲ။ ဒါပေမဲ့ ကျွန်တော်တို့သိသလောက်တော့ တီဘီကပိုဆိုးတယ်။ ဘယ်အချက်က အမှန်လဲ။
ဖြေ–အဲသည်လို ရောဂါတွေနဲ့ ပတ်သက်လို့ လူသေနှုန်းနဲ့၊ ရောဂါဖြစ်နှုန်းကို မှန်မှန်ကန်ကန် အဆင့်သတ်မှတ်ဖို့ဆိုတာ မလွယ်ပါဘူး။ ကျွန်တော်အလေးထားပြောချင်တာက အဲဒါတွေအားလုံးဟာ အန္တရာယ်ကြီးတယ်။ အားကောင်းမောင်းသန် လုပ်ရည်ကိုင်ရည်အရှိဆုံး အသက် အုပ်စုကို ထိခိုက်စေတယ်။

မေး–WHO က "အေ့ဒ်စ်၊ တီဗီနဲ့ ငှက်ဖျားအတွက် ကမ္ဘာလုံးဆိုင်ရာ ရန်ပုံငွေ" (GFATM)နဲ့ "အိတ်ဂျ်အိုင်ဗီ /အေ့ဒ်စ် ရန်ပုံငွေ–မြန်မာ" (FHAM) တို့မှာ ပါဝင်ထားတယ်မဟုတ်လား။
ဖြေ–မှန်ပါတယ်။ ဌာနေလုပ်ငန်းညှိနှိုင်းရေး ယန္တရားလို့ခေါ်တဲ့ ကော်မတီမှာ ကျွန်တော်တို့ဟာ အဖွဲ့ဝင်တစ်ယောက် ဖြစ်ပါ တယ်။ သည်ကော်မတီဟာ ကမ္ဘာလုံးဆိုင်ရာရန်ပုံငွေ Global Fundရဲ့ နိုင်ငံအဆင့်မှာ ဆုံးဖြတ်ပေးတဲ့၊ ညှိနှိုင်းပေး တဲ့အဖွဲ့ဖြစ်ပါတယ်။ WHOဟာ Expanded Theme Group of UNAIDSရဲ့ အဖွဲ့ဝင်လည်းဖြစ်ပါတယ်။ သည်အဖွဲ့မှာ FHAMနဲ့ ပတ်သက်တဲ့ မူဝါဒရေးရာ၊ နည်းပညာရေးရာပြဿနာတွေကို ဆွေးနွေးကြပါတယ်။ WHOဟာ FHAMရဲ့ လှုပ်ရှားဆောင်ရွက်မှုတွေ အကောင်အထည် ဖော်ပေးတဲ့ ပါတနာတစ်ယောက်လည်းဖြစ်ပါတယ်။ အေ့ဒ်စ်နဲ့ပတ်သက်လို့ ကျွန်တော်တို့ရဲ့ဝန်ထမ်းတစ်ယောက် လုပ်ဆောင်နေပြီး၊ နောက်တစ်ယောက်က တီဘီနဲ့ပတ်သက်လို့၊ နောက်တစ်ယောက်က ငှက်ဖျားနဲ့ပတ်သက်လို့ လုပ်ဆောင်နေပါတယ်။ အဲသည့်လူတွေက အခြားအဖွဲ့အစည်းတွေနဲ့ ညှိနှိုင်း လုပ်ဆောင်ရေးမှာ WHO ကို ကိုယ်စား ပြုနေကြပါတယ်။

မေး–ဒီဒေသထဲက တစ်ခြားနိုင်ငံတွေနဲ့ယှဉ်ရင် မြန်မာပြည်သူတွေရဲ့ ကျန်းမားရေး၊ စောင့်ရှောက်မှုဟာ ကျေနပ်လောက်စရာ အဆင့်မှာ ရှိတယ်လို့ ထင်သလား။
ဖြေ–မှန်ပါတယ်။ သည်ဒေသထဲက အခြားနိုင်ငံတွေရဲ့ တချို့အပိုင်းတွေမှာ ကျန်းမာရေးစောင့်ရှောက်မှုဟာ အခုထက်ထိ ချို့တဲ့နေဆဲပါပဲ။ မြန်မာနိုင်ငံရဲ့ ကျန်းမာရေး စောင့်ရှောက်မှုအဆင့်က ကမ္ဘောဒီယား၊ လာအို၊ ဗီယက်နမ်ရဲ့ တချို့ဒေသများ၊ တရုတ်ပြည်ရဲ့ အလှမ်းဝေးသော တချို့ဒေသများ၊ အင်ဒိုနီးရှားရဲ့ တချို့ဒေသများရဲ့အဆင့်မှာ ရှိပါတယ်။ ကျေးလက်ဒေသက ကျန်းမာရေးစောင့်ရှောက်မှု အခြေခံဆောက်အအုံက ယှဉ်ကြည့်ရင် မြို့ပြဒေသတွေထက် အားနည်းပါတယ်။ တခြားဖွံ့ဖြိုးဆဲနိုင်ငံ အတော်များများမှာလိုပဲ ကျေးလက်ဒေသ မှာ ဆေးဖက်ပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူပညာရှင်တွေနည်းပြီး အထောက်အပံ့ အခွင့်အလမ်းတွေလည်း နည်းပါတယ်။

မေး–ခင်ဗျားတို့ရဲ့ "၅ မှာ ၃ အစပျိုးဆောင်ရွက်မှု" နဲ့ပတ်သက်ပြီး ရှင်းပြပါလား။
ဖြေ– (Anti-Retrovial)ဆေးဝါးတွေဟာ HIVကို ကုစားဖို့ တစ်ခုတည်းသော ထိရောက်တဲ့ နည်းလမ်းဖြစ်ပါတယ်။ ကုသမှုကို ပိုပြီးအလွယ တကူလက်လှမ်းမီရနိုင်ဖို့ ကျွန်တော်တို့ ရှေ့တိုးဆောင်ရွက်နေပါတယ်။ တစ်ကမ္ဘာလုံးအတွက် ကျွန်တော်တို့ရဲ့ ပန်းတိုင်က ၂၀၀၅နှစ် ကုန်မှာ အရင်းအမြစ် ကန့်သတ်မှုရှိနေတဲ့ နိုင်ငံတွေက HIV ဝေဒနာရှင် ၃ သန်းကို အဲသည်ကုသမှု ပေးဖို့ပါပဲ။ ဒါကြောင့် သည်အစ ပျိုးဆောင်ရွက်မှုကို "၅ မှာ ၃" လို့ ခေါ်တာပါ။

မေး–မြန်မာနိုင်ငံမှာ ဆားစ်ရောဂါနဲ့ ကြက်ငှက်တုပ်ကွေးရောဂါ ပျံ့နှံ့မှုဟာ ဒီဒေသထဲက တခြားနိုင်ငံတွေနဲ့ယှဉ်ရင် မဆိုစလောက်ပဲရှိတာ ဘာကြောင့်လို့ထင်ပါသလဲ။ မြန်မာလူမျိုးတွေဟာ အဲဒီလိုရောဂါဖြစ်ပွားမှုတွေနဲ့ ပတ်သက်လို့ ကိုယ်ခံ စနစ် ကောင်းကောင်းရှိနေလို့လား။
ဖြေ–မဟုတ်ပါဘူး။ မြန်မာလူမျိုးတွေက သူများတွေထက် ကိုယ်ခံစနစ် ပိုကောင်းကောင်းရှိတယ်လို့ ကျွန်တော်မထင်ပါဘူး။ အဲသည့်ရောဂါတွေ မြန်မာပြည်မှာမဖြစ်တာ ကံကောင်းပါတယ်။ တခြားနိုင်ငံတွေနဲ့ယှဉ်ရင် မြန်မာနိုင်ငံမှာ လေယာဉ်အဝင် နည်းပါတယ်။ ဒီအချက်ကပဲ ဒီရောဂါပျံ့နှံ့မှုကို ထိထိမိမိ တားဆီးသွားနိုင်တာ ဖြစ်နိုင်ပါတယ်။ ကြက်ငှက်တုပ်ကွေးရောဂါနဲ့ ပတ်သက်လို့ကတော့ မြန်မာနိုင်ငံက ကြက်မွေးမြူရေးခြံတွေက သေး ပါတယ်။ ထိုင်းနဲ့ တရုတ်နိုင်ငံတို့က ခြံကြီးတွေလို မဟုတ်ပါဘူး။ မြန်မာနိုင်ငံမှာ ကြက်ငှက်တုပ်ကွေး မပျံ့နှံ့တဲ့အကြောင်းထဲမှာ သည်အချက်လည်း အပါအဝင် ဖြစ်မယ်လို့ ကျွန်တော်ထင်ပါတယ်။

မေး–ရသင့်ရထိုက်တဲ့ ကျန်းမာရေးစောင့်ရှောက်မှု အသိပညာ ရရှိရေးမှာ ဘာသာစကားက အဓိကအဟန့်အတား ဖြစ်နေပါ သလား။
ဖြေ–မှန်ပါတယ်။ ဒါပေမဲ့ ရောမပြဿနာကြီးတော့ မဟုတ်ပါဘူး။

မေး–အပြီးသတ်အနေနဲ့ ဘာပြောချင်ပါသလဲ။
ဖြေ–ကျွန်တော် မြန်မာပြည်ကို သိပ်ကြိုက်ပါတယ်။ သိပ်လှတဲ့နိုင်ငံပဲ။ ဒါကြောင့် သည်တိုင်းပြည်ဟာ အဆင်ချောချောနဲ့ ဆက်လက်ဖွံ့ဖြိုးပြီး မကြာခင်မှာ သူ့ပြည်သူတွေလည်း ဖြစ်နိုင်သမျှ အကောင်းဆုံး ကျန်းမာရေးအခြေအနေ ရောက်ကြ ပါစေလို့ ဆုတောင်းပါတယ်။ ဒါပေမဲ့ အဲသည်လိုဖြစ်လာဖို့ လာမယ့်နှစ်တွေမှာ ကျွန်တော်တို့ မနားမနေ အလုပ်လုပ်ကြရ ပါမယ်။

**Back...**

ပြန်ဆိုသူ– လူသာကျော်

ADDA Systems
Software Development
That we are able is your advantage

Shwe Dream .com

MYANMARBIBLE.NET

## စုံစီနဖာ အညာသတင်း

မောင်လူကလေး

---

### အကြောလျှော့မလား ကျုံးဘေးသွား



မန္တလေးတောင် ပုံတူပန်းချီကား

ရွှေမန္တလေးကျုံးနံဘေးမှာ လူကြီးကစားစရာ ကိရိယာတွေ တပ်ဆင်ပေးနေပြီခင်ဗျ။

ပထမဆုံးစတပ်တာက ကျုံးတောင်ဘက် မင်္ဂလာတံတားထိပ်မှာပါ။ ဒန်းလိုလို လွှဲစီးရတာမျိုး လည်းပါရဲ့၊ ကားစတီယာရင်လို လှည့်နိုင်တဲ့ ဘီးဝိုင်းဝိုင်းတွေလည်းပါရဲ့။ မောင်လူကလေးတို့ အတွက်တော့ အထူးအဆန်းပေါ့။ ဟ–ဘာတွေလဲဟပေါ့။ အားကစားလုပ်တဲ့ဟာတွေဆိုပဲ။ အကြောလျှော့ ကိရိယာတွေလည်းပါသတဲ့။

အထူးအဆန်းဆိုတော့ ဒန်းလိုဟာပေါ် ခြေထောက်နင်းပြီး လွှဲကြည့်သူကကြည့်၊ ဘီးဝိုင်းတွေလှည့်သူကလှည့်၊ အစည်သားဗျ။

ဘာကြာတုန်း နောက်ထပ်နှစ်နေရာထပ်တပ်တယ်။ အရှေ့တောင်ကျုံးထိပ် ဆီဒိုနားဟိုတယ်ရှေ့မှာတစ်ခု၊ အနောက် တောင်ကျုံးထိပ် ကုန်ရုံနားမှာ နောက်တစ်ခု၊ စုစုပေါင်း သုံးခု။ နောက်ထပ်လည်း လူစည်ကားရာနေရာတွေမှာ ထပ်တပ်ပေးဦးမှာဆိုပဲ။ စည်ပင်သာယာက တပ်တာတဲ့။

မောင်လူကလေးကတော့ စည်ပင်ကြီးရဲ့စေတနာ ကျေးဇူးကမ္ဘာပါပဲ။ အရင်ကဆိုရင် ကျုံးနံဘေးမှာ တိုက်ချိကျွမ်းကစား၊ လမ်းလျှောက်၊ ကက်ဆက်တေးသံနဲ့ လေ့ကျင့်ခန်းလုပ်တဲ့ ဆွေမျိုးပေါက်ဖော်တွေပဲရှိတာ။ ယခုဆို ရွှေမန်းသူ ရွှေမန်းသားတွေလည်း အကြောလျှော့လို့ရပြီ။ အိုကေစိုပြေလို့။

### မာန်လျှော့လေဦး ဧရာဝတီ

မန္တလေးမှာ ဧရာဝတီမြစ်ရေ လုံးဝလုံးဝ ကျသွားပြီ။ ကျသမှ ဝါးလုံးထိုးကျသွားတာပါ။

မြစ်ရေကျပြီဆိုမှ မောင်လူကလေးတို့လည်း ပင့်သက်ချနိုင်တာ။ မြစ်ရေတကယ်ကျတာ သေချာမှ ပြောရဦးမယ်။ မြို့အနောက်ပိုင်း မြစ်ကမ်းနဖူးကတာဦးက ကျိုးလုကျိုးခင်။ အချို့နေရာတွေမှာဆိုရင် မြစ်ရေက တာဘောင်ကျော်ပြီး ကတ္တရာလမ်းပေါ် လှိုင်းတဖျပ်ဖျပ် လာလုပ်နေတာ။

မြို့သူမြို့သားတွေနဲ့ စည်ပင်သာယာ အဖွဲ့သားတွေက သံဃာတော်နဲ့အတူ သဲအိတ်တွေချကြ၊ ရေကျော်တဲ့နေရာ ဖိကြ ဆို့ကြ။ တကယ ်လက်တွဲညီညီနဲ့ သဘာဝဘေးဒဏ် တွန်းလှန်ခဲ့ကြတာပါ။

မြစ်ရေလျှံတော့ တောင်သမန်အင်းလည်း ဖောင်းလန်တာပေါ့။ နာမည်ကျော် ဦးပိန်တံတားလည်း ရေအောက်မြုပ် သွားတယ်။ တံတားတိုင် သုံးလေးငါးလုံးလည်း လှိုင်းကဖြုတ်ခိုးသွားတယ်။ အင်းစောင်းမှာ လှလှပပဆောက်ထားတဲ့ ရတနာပုံတက္ကသိုလ်က ကျောင်းသူ ကျောင်းသားတွေလည်း စာသင်ဆောင်တွေကြားမှာ လှေကလေးကိုလှော်မည်၊ ဘေးမသန်းပဲ အေးချမ်းသည် သီချင်းတွေဘာတွေ ဆိုခဲ့ကြသေး တယ်။

ယခုတော့လည်း ပြီးသွားပြီ။ အားလုံး အားလုံးပြီးဆုံးသွားပါပြီ။

### သက်မွန်မြင့်ကလေး မန္တလေးလာ

ဩဂုတ်လ ၂၁ ရက်နေ့ကတော့ ၇၈ လမ်း၊ တရုတ်တန်းဈေးသစ်ရှေ့မှာ တစ်နေကုန် လူတရုန်းရုန်းနဲ့ပေါ့။ ပြည်သူ့အချစ်တော် သက်မွန်မြင့်ကလေးက STEP ဖက်ရှင်ဆိုင်ဖွင့်ပွဲလာလို့လေ။

STEP ဆိုတဲ့ ဖက်ရှင်အဝတ်အထည်တွေကို မြန်မာပြည်အနှံ့က လူငယ်တွေ နှစ်နှစ်သက်သက်ဝယ်ယူ ဝတ်ဆင်နေကြပြီ ခင်ဗျ။

မြန်မာနိုင်ငံက အထည်ချုပ်စက်ရုံတွေ အအားမနေရအောင် နည်းလမ်းရှာရာက STEP ဖြစ်ပေါ်လာတယ်လို့ဆိုသဗျ။ နိုင်ငံခြားက ပိတ်စတွေ ကြယ်သီးတွေကို တင်သွင်းပြီးချုပ်ဖို့ သက်ဆိုင်ရာက ခွင့်ပေးတာနဲ့ ပြည်တွင်းမှာ ဆက်ချုပ်၊ ဒီဇိုင်းလှလှ အထည်တွေကို ပြည်တွင်းမှာ ဈေးသက်သက်သာသာနဲ့ ရောင်းချလို့ လူငယ်တွေက အားပေးကြသတဲ့။

ရန်ကုန်ရွှေမြို့တော်ကြီးမှာ STEP ဆိုင်ခွဲ နံပါတ်ဝမ်း၊ တူးတွေ ဖွင့်ပြီးတဲ့နောက် မန္တလေးမှာ နောက်ထပ်ဆိုင်သစ် ဖွင့်တာပါ။ ဆိုင်ဖွင့်ပွဲလာသူတွေကို သက်မွန်မြင့်က သူ့ပုံ ဝေါလ်ရှိတွေ လက်မှတ်ထိုးပေးတယ်။

STEP ဆိုင်ဖွင့်ပွဲ အထိမ်းအမှတ်ဆိုပြီး ဓာတ်ပုံပြိုင်ပွဲလည်းလုပ်ပါတယ်။ ပြိုင်ပွဲက အိုးပင်းတော့ အိုးပင်းပါပဲ၊ သို့ပေမယ့် ကလို့စ်အိုးပင်းပေါ့။ မန္တလေးဓာတ်ပုံအသင်းက ပြိုင်ပွဲကို ကြပ်မတ်ပါတယ်။ ပြိုင်ပွဲဝင်မယ့် အသင်းသားဟာ မန္တလေး ဓာတ်ပုံ အသင်းရဲ့ လစဉ်ကြေးတွေ အကြွေးဆပ်ပြီး ဖြစ်ရမယ်။ ပြင်ပပုဂ္ဂိုလ်များလည်း ဝင်ရောက်ယှဉ်ပြိုင်နိုင်တယ်။ သို့သော်. . . မန္တလေး ဓာတ်ပုံအသင်းကို ဟိုကြေးဒီကြေးတွေ ပေးသွင်းရမယ်ပေါ့။

မောင်လူကလေးတို့ အညာသားတွေလည်း သက်မွန်မြင့်လေးလာတုန်း လက်စွမ်းပြချင်လှပေါ့။ မန္တလေးအသင်းကြီးကို ငွေတွေသွင်းပြီး ကြိုးစားပမ်းစား ဓာတ်ပုံဝင်ရိုက်ကြပါတယ်။ အဲ. . . ဆုကတော့ မန္တလေးဓာတ်ပုံအသင်း ဥက္ကဋ္ဌကြီးက ပထမဆုရသွားတယ် ကြားရတာပါပဲ။

### ရွှေပြုန်းငွေပြုန်းပွဲတော် တောင်ပြုန်း

ရွှေမန်းမြို့ မြောက်ဘက်နားက တောင်ပြုန်းပွဲတော် စပါပြီ။

ရှေးရှေးက တရားဝင်စတာကတော့ ဝါခေါင်လဆန်း ၁၁ ရက်။ ပြီးတာက ဝါခေါင်လပြည့်။ လဆန်း ၁၀ ရက်ည အရှင်နှစ်ပါး နန်းကြီးမှာ နတ်ညီလာခံကျင်းပပြီးမှာ နယ်တစ်ခွင်လုံးမှာ ဆိုင်းဗုံတီးရတာ အစဉ်အလာပါ။

ယခုတော့ ပွဲတော်လာတွေက များသည်ထက်များများလာတော့ ပွဲက ရက်ဆွဲဆန့်လာတယ်။ တောင်ပြုန်းပွဲရဲ့ ထူးခြားချက်ကတော့ အိတ်စတန်းရှင်းလုပ်တာ ရှေ့တိုးလုပ်တာပါပဲ။ ယခုဆိုရင် လဆန်း ၈ ရက် (ယခုနှစ်မှာ ဩဂုတ် ၂၃ ၊ ၂၀၀၄)ဆို ပွဲကစစည်ပြီ။ သို့ပေမယ့်ပေါ့လေ. . . .ရှေးအစဉ်အလာမပျက် နန်းကြီးက ဆိုင်းမတီးမီ ဗုံတောင် မခေါက်တာတော့ လိုက်နာကြပါတယ်။

တောင်ပြုန်းပွဲတော်ရဲ့ အစည်ကားဆုံး အချိန်ကတော့ အရှင်နှစ်ပါး ချိုးရေတော်သုံးတဲ့ လဆန်း ၁၁ ရက် (ယခုနှစ် ၂၆၊ ဩဂုတ်၊ ၂၀၀၄)ဖြစ်ပါတယ်။

ချိုးရေတော်သုံးပြီးတဲ့နောက်မှာ ဒိုးထိုးပွဲ၊ ယုန်ထိုးပွဲ၊ ထိန်ခုတ်ပွဲ၊ စတဲ့. . စတဲ့ အစဉ်အလာမပျက်တွေကတော့ ပုံမှန် ဆက်ကျင်းပတယ်။

မြန်မာပြည်တစ်နံတစ်လျားက ကိုးကွယ်ယုံကြည်လို့လာသူတွေ၊ ဓလေ့ကို ပျော်မွေ့လို့လာသူတွေနဲ့ နှစ်စဉ်နှစ်စဉ် တိုင်း အစဉ်အလာမပျက် စည်ကားလျက်ပါပဲ။

Back...

The Myanmar Chronicle

လစဉ်အထူး | အတွဲ ၁၊ အမှတ် ၇၊ စက်တင်ဘာ ၂၀၀၄



ADDA Systems Software Development
That we are able is your advantage
Shwe Dream .com
MYANMARBIBLE.NET

## လှုပ်ရှားနေတဲ့ ဘောလုံးဂျာနယ်များနဲ့ အားကစားဂျာနယ်တွေ လျှောက်လာတဲ့လမ်း

---

ပုဂ္ဂလိကစာစောင် အပတ်စဉ်ထုတ်ဖြစ်ပြီး အပတ်စဉ်စောင်ရေ သောင်းဂဏန်း၊ သိန်းဂဏန်းချီကာ ရိုက်နှိပ်ထုတ်ဝေနေကြရတယ်။ စာစောင်ဖြန့်ချိရေးဆိုင်တွေ၊ လက်ပွေ့ဈေးသည်တွေ၊ စာစောင်အရောင်းဆိုင်တွေလည်း နေ့စဉ် ဒီစာစောင်တွေကြောင့် သက်ဝင် လှုပ်ရှားနေကြတယ်။ ကြီးမားတဲ့ ဖတ်ရှုသူပရိသတ်ကြီးကိုလည်း ရရှိထားကြတယ်။ သူတို့ရဲ့ ဩဇာကလည်း ဖတ်ရှုသူ ပရိသတ်အပေါ်မှာ သက်ရောက်မှုအရှိန်ရှိတယ်။ ဒါဘယ်စာစောင်တွေလဲလို့ မေးလာရင် မြန်မာ စာနယ်ဇင်းလောကနဲ့ မဝေးသူတိုင်းက ဖြေနိုင်ကြပါတယ်။

'သူတို့ဟာ အပတ်စဉ်ထုတ် အားကစားစာစောင်တွေ ဖြစ်ပြီး၊ အထူးသဖြင့် ဘောလုံးပွဲအကြောင်း၊ ဘောလုံးသမား အကြောင်းတွေ အသားပေး ဖော်ပြကြတဲ့၊ . . . . ဘောလုံးဂျာနယ်တွေပဲ ဖြစ်ပါတယ်။'

လက်ရှိအခြေအနေမှာ ဘောလုံးစာစောင်တွေဟာ နေ့စဉ် တစ်စောင်မက ထွက်ပေါ်နေကြပါတယ်။ ရက်သတ္တပတ်အတွင်း အစောင် ၂၀ တောင် အပြိုင်အဆိုင် ထုတ်ဝေနေကြတာပါ။ ဘောလုံးစာစောင်တွေ ထုတ်ဝေနေကြသမျှကို နာမည်တွေနဲ့ ဖော်ပြရရင် တံခွန်၊ အင်အား၊ တက်လမ်း၊ Sport Light ၊ Olympic ၊ First ELEVEN ၊ STAR SPORT ၊ ချန်ပီယံ၊ Saturaday SportNews ၊ Professional ၊ 90:00 min ၊ Four Four Two ၊ World Sport ၊ World Football ၊ The Sun ၊ ထွန်းတောက်ကြယ် ၊ Focus ၊ Premier ELEVEN ၊ မီးရှူးတိုင် ၊ Best Player စတာတွေဖြစ်ပါတယ်။

အဲဒီ အစောင် ၂၀ သော ဘောလုံးဂျာနယ်တွေမှာ ဘောလုံးနဲ့ ပတ်သက်သမျှ ကမ္ဘာတစ်လွှားက သတင်းတွေ ကမ္ဘာ့နေရာအသီးသီးနဲ့ အပြိုင်ပါဝင်ပါတယ်။ ကမ္ဘာကျော်ဘောလုံးသမားတွေရဲ့ ရုပ်ပုံလွှာတွေပါဝင်ပါတယ်။ ပရိသတ် စိတ်ဝင်စားနိုင်တဲ့ ဘောလုံးပွဲတွေအပေါ် ကြိုတင်ခန့်မှန်းချက် ဆောင်းပါးတွေပါဝင်ပါတယ်။ ကန်ပြီးသွားတဲ့ ဘောလုံးပွဲများကို ဝေဖန်သုံးသပ်တဲ့ ဆောင်းပါး တွေလည်း ပါဝင်ပါတယ်။ ပါဝင်တာမှ ဓာတ်ပုံတွေ ဝေဝေဆာဆာနဲ့ ဒီဇိုင်းပုံစံကျကျနဲ့ ထုတ်ဝေနေကြတာပါ။ ဒါ့အပြင် တစ်ခါတစ်ရံ ဘောလုံးပွဲတစ်ပွဲချင်းကို ခေတ်မီကစားနည်းစနစ် ရှုထောင့်ကနေ ပညာရပ်ဆန်ဆန် ပိုင်းခြားဝေဖန်ပြတာမျိုးလည်း ပါဝင်တတ်ပါတယ်။ ဆိုကြပါစို့ ကမ္ဘာတစ်လွှားက ဘောလုံးစာစောင်တွေလိုပဲ မြန်မာဘောလုံးဂျာနယ်တွေလည်း တန်းတူရည်တူ ထွက်ပေါ်နေကြတယ်လို့။

သူတို့တွေဟာ ဒီအနေအထားကို တစ်ခါတည်း ချက်ခြင်းရောက်သွားကြတာတော့ မဟုတ်ပါဘူး၊ သူတို့အားကစားဂျာနယ် နယ်ပယ်မှာလည်း တစ်ဆင့်ပြီးတစ်ဆင့် အကွေ့အချိုးလေးတွေနဲ့ လက်ရှိလျင်မြန်ထက်မြက် အားကောင်းလှတဲ့ အနေအထားကို ရောက်လာ ကြတာပါ။ မြန်မာဘောလုံးနဲ့ အားကစားဂျာနယ်တွေရဲ့ ဖြတ်သန်းလာတဲ့ခရီးကို လက်လှမ်းမီသလောက် ပြန်ပြီးလှန်လှောကြည့်လိုက်တဲ့အခါ စိတ်ဝင်စားစရာအပြောင်းအလဲတွေ ရှိနေတာမို့ တွေ့ရှိသမျှကို ဖောက်သည် ချပါဦးမယ်။

ဒုတိယကမ္ဘာစစ် မဖြစ်ခင် ၁၉၄၀ ရဲ့ ရှေ့မှာတုန်းက 'ဗလ'အမည်နဲ့ အားကစားရေးရာစာစောင် ထွက်ဖူးပါသတဲ့။ အလေးမ ချန်ပီယံ ဦးစံပင် ဦးစီး ထုတ်ဝေတယ်လို့ ဆိုပါတယ်။ အဲဒီအချိန်က ဘောလုံးအားကစားထက် မြန်မာပြည်မှာ အလေးမတို့၊ ကာယဗလမောင်တို့လို တစ်ဦးချင်း အားကစားမှာ ပိုအာရုံဝင်စားကြလို့ အဲဒီအကြောင်းတွေ အလေးကဲတယ်လို့ မှတ်သားရပါတယ်။ 'ဗလ' ဆိုတဲ့ နာမည်ကလည်း ဒါကိုညွှန်းနေတဲ့ သဘောမဟုတ်လား။ ၁၉၅၃– တစ်ဝိုက် စစ်ပြီးခေတ်မှာတော့ 'ကာယဗလ' အမည်နဲ့ မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီက စာစောင်ထုတ်ဝေခဲ့ပါတယ်။ ဒီစာစောင်ကလည်း ဘောလုံးအားကစား အဓိကတော့ မဟုတ်ခဲ့ဘူးလို့ သိရပါတယ်။

ပြောရမယ်ဆိုရင်တော့ အဲဒီကာလများက နေ့စဉ်ထုတ် ပုဂ္ဂလိက သတင်းစာများက အများနဲ့ဆိုင်တဲ့ ထူးခြားဖြစ်ရပ် တွေဆိုရင် လက်မလွတ်တမ်း ရေးသားဖော်ပြကြပါတယ်။ ဒါကြောင့် ဘောလုံးပြိုင်ပွဲတွေဆိုရင်လည်း ကစားကြတဲ့အသင်းတွေနဲ့ ပွဲအနိုင်အရှုံး သတင်းတွေလောက်ကတော့ ပုဂ္ဂလိက သတင်းစာတွေက ရေးသားကြတယ်လို့ ဆိုနိုင်ပါတယ်။ ဘောလုံးပညာရပ်ကိစ္စကတော့ ဖွံ့ဖြိုးမှု အားနည်းသေးလို့ အားကစားစာစောင်တွေမှာ နေရာသိပ်မယူသေးတာလို့ မှန်းဆရ ပါတယ်။

၁၉၆၀ ခုနှစ်မှာတော့ ဒီကနေ့ထက်တိုင် ဝါရင့်သတင်းဆောင်းပါးရှင်အဖြစ် ရပ်တည်နေတဲ့ ဆရာမောင်ရဲဝင်းက 'သက်လုံ' အမည်နဲ့ အားကစားဂျာနယ် စီစဉ်ထုတ်ဝေလာပါတယ်။ အားကစားနယ်က ဝါရင့်ကလောင်တွေကတော့ အဲဒီ 'သက်လုံ' စာစောင်ကို အားကစားဂျာနယ်ပုံစံ ပီပီပြင်ပြင်လို့ မှတ်ချက်ပေးကြပြီး ထုတ်ဝေတဲ့ရက်ကလည်း ဒီကနေ့ ဘောလုံးဂျာနယ်တွေလို ရက်သတ္တပတ် တစ်ပတ်တစ်ကြိမ် ဖြစ်ပါတယ်။

၁၉၆၁ ခု၊ ဇွန် ၂ ရက်မှာတော့ မြန်မာ့အားကစားဂျာနယ်တွေထဲက သက်တမ်းရှည် ဂျာနယ်ကြီးတစ်စောင်ဖြစ်တဲ့ 'တံခွန်'ဂျာနယ် ထွက်ပေါ်လာပါတယ်။ 'တံခွန်'ဟာ နှစ်ပေါင်း ၄၀ ကျော် အားကစားဂျာနယ်အဖြစ် ပီပီပြင်ပြင် ရပ်တည်လာတာကြောင့် အနယ်နယ်အရပ်ရပ် က မြန်မာပရိသတ်တွေအတွက် အားကစားအကြောင်းဆိုရင် တံခွန်ကိုဖတ်ရမယ်ဆိုတဲ့အထိ နာမည်အမှတ်တံဆိပ် ကြီးမားခဲ့တဲ့ စာစောင် လည်းဖြစ်ပါတယ်။

၁၉၇၀ ကျော်နှစ်တွေမှာ တခြားအပတ်စဉ်ထုတ် ဂျာနယ်တွေ ရပ်နားသွားကြတဲ့အထဲ ဆရာမောင်ရဲဝင်းရဲ့ 'သက်လုံ' ပါဝင်သွားခဲ့ပေမယ့် 'တံခွန်' ကတော့ အားကစားသီးသန့် စာစောင်အနေနဲ့ ဆက်ထွက်နေခဲ့ပါတယ်။ ၁၉၈၀ တစ်ဝိုက်အထိ 'တံခွန်' ဂျာနယ်ရဲ့ နှစ်ကာလများပဲဖြစ်ပါတယ်။

၁၉၈၅ ရောက်မှ 'ဖွဲ့သတ္တိ'အမည်နဲ့ အားကစားစာစောင်တစ်စောင် ၁၅ ရက်တစ်ကြိမ်ထုတ်အဖြစ်ထွက်ပေါ်လာပါတယ်။ (၁၉၈၇ လောက်မှာ ဖွဲ့သတ္တိကနေ 'ခွန်အား' အမည်နဲ့တင်ထုတ် အားကစားစာစောင်လည်း ထွက်ခဲ့ဖူးပါတယ်။) အခုပြောခဲ့သလောက်အထိ အားကစားစာစောင်တွေဟာ ဘောလုံးအားကစားထက်ပိုတဲ့ တခြားအားကစားများ ဝေဝေဆာဆာပါဝင်တတ်ပြီး၊ တစ်ချိန်က မြန်မာအားကစား နယ်မှာ ရေကူး၊ အပြေး၊ သံလုံးပစ်–သံပြားဝိုင်းပြစ်၊ ဘော်လီဘော၊ ဘတ်စ်ကက်ဘော စတာတွေကလည်း လူအများ စိတ်ဝင်စားတဲ့ အားကစားတွေအဖြစ် တည်ရှိနေတာပါ။ ရေကူးတို့၊ အပြေးတို့ဆိုရင် နိုင်ငံတကာနဲ့ ဒီကနေ့ထက်တိုင် ရင်ပေါင်တန်းနေဆဲ မဟုတ်ပါလား။ ဒါကြောင့် ပြောခဲ့တဲ့အားကစားစာစောင်တွေမှာ ဘောလုံးထက်ပိုတဲ့ အားကစားတွေ ပါဝင်နေတာ တွေ့ကြရပါတယ်။

၁၉၈၉ ဇွန် ၇ ရက်မှာတော့ 'အင်အား' အားကစားဂျာနယ် စတင်ထွက်ပေါ်လာပါတယ်။ အင်အားကတော့ ဘောလုံးအားကစားကို အထူးဇောင်းပေး ခဲ့ပါတယ်။ မြန်မာအားကစားပရိသတ်ကလည်း မြန်မာဘောလုံး၊ ကမ္ဘာဘောလုံး ကိစ္စအထွေထွေကို အာရုံကျချိန်နဲ့ ကြုံကြိုက်ပြီး အင်အားဂျာနယ် အထူးအောင်မြင်ခဲ့ပါတယ်။ အဲဒီအချိန်မှာ 'တံခွန်'လည်း ဘောလုံးအားကစားဘက် တော်တော်များများ ရောက် နေပြီဖြစ်ပါတယ်။ ဒီလိုနဲ့ ၁၉၉၀ လွန်နှစ်များကတော့ 'အင်အား'ဂျာနယ် ရဲ့ နှစ်ကာလများလို့ ဆိုနိုင်ပါလိမ့်မယ်။

၁၉၉၄ ဝန်းကျင်မှာ အား/ကာက အိုလံပစ်ဂျာနယ်ထုတ်ပါတယ်။ ၁၉၉၇ ဖေဖော်ဝါရီမှာတော့ 'တက်လမ်း'ဂျာနယ် ၁၅ ရက်တစ်ကြိမ်အနေနဲ့ ထွက်လာပါတယ်။ တက်လမ်းက ထွက်ပေါ်စမှာ အားကစား၊ နိုင်ငံတကာ၊ စာပေအနုပညာ အထွေထွေ ပါဝင်ခဲ့ပေမယ့် ၃ လလောက်အကြာမှာ ဘောလုံးအားကစား အထူးပြုဂျာနယ် ဖြစ်လာ ခဲ့ပါတယ်။

၁၉၉၅ နောက်ပိုင်းကစပြီး ဘောလုံးအားကစားဟာ တစ်နိုင်ငံလုံးစိတ်ဝင်စားတဲ့ အားကစားဖြစ်လာခဲ့ပါတယ်။ မြန်မာ့ လက်ရွေးစင် ဘောလုံးသမား တိုက်စစ်မှူးများ မျိုးလှိုင်ဝင်းကို ပိုစတာကြီးထုတ်ဝေလာပြီး နိုင်ငံအနှံ့ကလည်း ဝယ်ယူအားပေးတဲ့ အနေအထား ရောက်လာခဲ့ပါတယ်။ မျိုးလှိုင်ဝင်းကို ပိုစတာထုတ်ဖို့ စိတ်ကူးလုပ်ကိုင်ခဲ့သူက ၁၉၉၇ မှာ တက်လမ်းကို ထုတ်ဝေလာသူ ရန့်သစ် ပဲ့ကိုင် ချစ်ဝင်းမောင်ပဲ ဖြစ်ပါတယ်။

အင်အား၊ တက်လမ်းနဲ့ အိုလံပစ်ဟာ ဘောလုံးအားကစား အသားပေး အပတ်စဉ်ထုတ် ဂျာနယ်တွေအဖြစ် ဘောလုံးပွဲ သုံးသပ်ချက် ဆောင်းပါးများ၊ ကမ္ဘာတစ်လွှားက ဘောလုံးပွဲသတင်းများ၊ ဘောလုံးကစားတဲ့ နည်းစနစ်ဆိုင်ရာ ဆောင်းပါးများနဲ့ ခေတ်တစ်ခေတ် ထူထောင်ခဲ့ကြပါတယ်။ အားကစားသတင်းကိုတော့ အိမ်နားနီးချင်းနိုင်ငံတွေက ထုတ်ဝေတဲ့ နေ့စဉ်ထုတ်သတင်းစာ များရယ် တိုင်းမ်နဲ့ နယူးစဝိခ်ရယ်က ယူခဲ့ကြပါတယ်လို့ သိရပါတယ်။ ၁၉၉၈ ကမ္ဘာ့ဖလားဘောလုံးပွဲတွေမှာတော့ မြန်မာဘောလုံး ပရိသတ်ရဲ့ သိချင်မှု စိတ်ဇောအဟုန်ဟာ ရှိနေတဲ့ အားကစား ဂျာနယ်များလောက်နဲ့ မလုံလောက်တော့တာကို ရိပ်မိသွားသူတွေ ရှိလာခဲ့ပါတယ်။ ဒါကြောင့် ယူရို ၂၀၀၀ ဆိုတဲ့ ၂၀၀၀ ပြည့်နှစ် ဥရောပဖလားဘောလုံးပွဲတွေ မလာခင်မှာ မြန်မာဘောလုံးဂျာနယ်လောကဟာ အကွေ့အချိုး အပြောင်းအလဲကြီး တစ်ခုလို ဖြစ်သွားခဲ့တဲ့ စာမျက်နှာသစ်တစ်ခုကို ဖွင့်လှစ်လာကြပါတယ်။ အဲဒါကတော့ ဘောလုံးသတင်းတွေကို ကမ္ဘာ တစ်လွှား အချိန်နဲ့တစ်ပြေးညီ ဖော်ပြပေးနေတဲ့ အင်တာနက်ထဲကနေ သတင်းတွေထုတ်ယူပြီး ဦးဦးဖျားဖျား လတ်လတ်ဆတ်ဆတ် တင်ဆက် နိုင်ခွင့်သာတဲ့ First ELEVENဂျာနယ် ထွက်ပေါ်လာခြင်းပါ။ (သူ့ရှေ့မှာ 'မီးရှူးတိုင်' ဘောလုံး ဂျာနယ် ၂၀၀၀ပြည့်နှစ်ထဲမှာပဲ ထွက်ခဲ့ပေမယ့် တင်ဆက်ပုံအကွေ့အချိုးကတော့ First ELEVEN ကျမှ သိသာထင်ရှားစွာ ကွဲပြားသွား ခဲ့တာဖြစ်ပါတယ်။



မျက်နှာဖုံးဒီဇိုင်းနာမည်ကြီးသော First Eleven Sport Journal

First ELEVEN ရဲ့ ဆွဲဆောင်အားကောင်းတာထဲမှာ ဘောလုံးကိစ္စတင်မက မျက်နှာဖုံး ဒီဇိုင်းကလည်း အစိတ်အပိုင်းတစ်ပိုင်းအနေနဲ့ ပါဝင်နေတာတွေ့ရပါတယ်။ သူ့ရှေ့က ဘောလုံးအားကစား စာစောင်တွေဟာ မျက်နှာဖုံးကို ဘောလုံးသမား၊ တခြားနာမည်ကျော် အားကစားသမား စတာတွေနဲ့ ပြင်ဆင် တင်ဆက်ကြတာဖြစ်ပေမယ့် ဒီဇိုင်းပညာ ရှုထောင့်က ကြည့်ရင် ခပ်ရိုးရိုးတွေပဲ ဖြစ်နေခဲ့ပါတယ်။ First ELEVENကတော့ သူတို့မျက်နှာဖုံးတွေကို သူတို့ ဂျာနယ်ထွက်ရက်နဲ့ အနီးဆုံး ဘောလုံးဖြစ်ရပ်တွေအကြောင်း ဒီဇိုင်းအယူအဆ ဆန်းသစ်ကောင်းမွန်မှုတွေနဲ့ ဖန်တီးခဲ့ကြပါတယ်။ First ELEVEN ဂျာနယ် မျက်နှာဖုံးတွေကို အားကောင်းစေသူကတော့ ပန်းချီဆရာနဲ့ ဂရပ်ဖစ် ဒီဇိုင်းဆရာ မြင့်မောင်ကျော် ဖြစ်ပါတယ်။ မြင့်မောင်ကျော်က မျက်နှာဖုံးကနေ အဓိပ္ပာယ်ပါတဲ့ ဒီဇိုင်းနဲ့ ပရိတ်သတ်ကို ဆွဲခေါ်ပြီး ဂျာနယ်ရဲ့အထဲမှာတော့ ဘောလုံးကို ဗြိုလ်တုစလောင်းကနေလည်း မပြတ်ကြည့်၊ အင်တာနက် ကနေလည်း အချက်အလက်တွေ မပြတ်ဆည်းပူးသူ အယ်ဒီတာများက ကျွမ်းကျွမ်းကျင်ကျင် ထဲထဲဝင်ဝင် တင်ပြခဲ့တာကြောင့် First ELEVEN ဟာ မြန်မာဘောလုံးဂျာနယ်တွေ ဘယ်တုန်းကမှ မရခဲ့ဘူးတဲ့ အောင်မြင်မှုမျိုးကို ရရှိထူထောင်နိုင်ခဲ့ကြပါတယ်။ အောင်မြင် မှုဆိုတဲ့အထဲမှာ ဂျာနယ်စောင်ရေသာမက ဂျာနယ်ရဲ့ အမည်အမှတ်တံဆိပ် ဂုဏ်သိက္ခာကြီးမြင့်မှုပါ ပါဝင်ခဲ့ပါတယ်။

First ELEVENက ဘောလုံးနဲ့ ပတ်သက်တဲ့ ကမ္ဘာတစ်လွှားကသတင်းတွေ ဦးမှုကြောင့် ဘောလုံးဂျာနယ် ထုတ်ဝေမှုဟာ အတန်အသင့် အင်အား ကောင်းတဲ့ စီးပွားရေးလုပ်ငန်းသဘောဆောင်လာတဲ့အခါ သူ့လိုင်းနဲ့မနီးရိုးစွဲ ပုံသဏ္ဌာန်တွေဖွဲ့စည်းပြီး ဘောလုံး အသားပေး ဂျာနယ်တွေ ထပ်မံပေါ် ထွက်လာပါတယ်။ အထင်ရှားဆုံးက အားကစား ရောင်ခြည် (Sport Light) ဖြစ်ပါတယ်။ Sport Light ကလည်း အင်တာနက်ထဲက အားကစား သတင်းတွေ စုံပါတယ်။ တချို့သတင်းတွေမှာ First ELEVEN ထက်ဦးနေတာမျိုးလည်း တွေ့ရပါတယ်။ သတင်းတင်ပြပုံမှာတော့ First ELEVENက အတည်အတန့်နဲ့ ဟိတ်ဟန်သုံးရေးတာတွေ့ရပြီး Sport Light က အရပ်သားသုံး၊ နေ့စဉ်သုံး ဘန်းစကား တွေကို ပိုအားပြုတာတွေ့ရပါတယ်။

၂၀၀၀ ပြည့်နှစ် ဒီဇင်ဘာ ၆ ရက်နေ့က စတင်ထုတ်ဝေတဲ့ Sport Light ဟာလည်း First ELEVEN လိုပဲ ဘောလုံးပရိသတ်အလယ်မှာ နေရာတစ်နေရာကောင်းကောင်းရခဲ့ပါတယ်။ ၂၀၀၂ မှာ ကမ္ဘာ့ဖလားဘောလုံးပွဲ ရှိခဲ့လို့ မြန်မာဘောလုံး ဂျာနယ်တွေဟာ နေ့စဉ်နီးပါး ဘောလုံး သတင်း အချပ်ပိုစာစောင်တွေ စီစဉ်ထုတ်ဝေခဲ့ကြပါတယ်။ ကမ္ဘာတစ်လွှားက ဘောလုံးသတင်းတွေနဲ့ ပတ်သက်ပြီး မြန်မာဘောလုံးအယ်ဒီတာတွေ ဘယ်လောက်ကျွမ်းကျင်စွာ ရှာဖွေနိုင်ပြီ၊ ဘယ်လောက်မြန်မြန်စာစောင်တွေ လုပ်နိုင်ပြီဆိုတာ ပြသတဲ့ ပြယုဂ်လို့လည်း ၂၀၀၂ ကမ္ဘာ့ဖလားနဲ့ ပတ်သက်တဲ့ မြန်မာဘောလုံး ဂျာနယ် အချပ်ပိုတွေကို ခေါ်ဆိုရမှာ ဖြစ်ပါတယ်။



အားကစားဂျာနယ် လမ်းကြောင်းပြောင်းဖို့ အားထုတ်မှုများ

နောက်ပိုင်းထွက်လာကြတဲ့ ဘောလုံးဂျာနယ်တွေက အသွင်သဏ္ဌာန်အရရော – အနှစ်သာရအရရော ကွေ့ချိုးပြောင်း လဲတာမရှိဘဲ ယူရို ၂၀၀၄ ကျမှ အသွင်သစ် 'အိုလံပစ်'နဲ့ The Sunတို့ အပြိုင်ဆိုသလို ထွက်ပေါ်လာကြပြီး ၂ စောင် စလုံး ဘောလုံးဂျာနယ်အများစု သွားနေတဲ့ လမ်းကြောင်း ကနေခွာကာ လမ်းသစ်လျှောက်ဖို့ ကြိုးစားခဲ့ပါတယ်။

The SUNက စက္ကူကောင်းကောင်း၊ အားကစားသမားနဲ့ အားကစားပွဲ ဓာတ်ပုံတွေကြီးကြီး၊ လက်ဆောင်ဓာတ်ပုံ ရောင်စုံတွေသုံး၊ ဂျာနယ် တစ်စောင်သုံးကို ရေးသူအမည်မထည့်ဘဲ The SUN အဖွဲ့ကပဲ အားလုံးတာဝန်ခံတဲ့ ပုံစံနဲ့ ထွက်ပေါ်လာခဲ့ပါတယ်။



အားကစားဂျာနယ် လမ်းကြောင်းပြောင်းဖို့ အားထုတ်မှုများ

အိုလံပစ် Olympicကတော့ ဘောလုံးသတင်းနဲ့ ဆောင်းပါးတွေကို လျင်မြန်စွာ ဖော်ပြရုံမက အရောင်အသွေးစုံစုံ ဒီဇိုင်းကောင်းကောင်းနဲ့ ဖွဲ့စည်းပါတယ်၊ ကြော်ငြာ ရောင်စုံလှလှတွေ ပါအောင်အားထုတ်ပါတယ်၊ Game Page ၊ Funny Fotos စတာတွေနဲ့ ဖျော်ဖြေရေးဘက်တိုးချဲ့ပါတယ်။ ဒါ့အပြင် အထူးခြားဆုံးက ဘောလုံးစတားတွေရဲ့ လူမှုရေးဘဝ၊ အကျင့်စရိုက်ဝါသနာ၊ ဘောလုံးပွဲတစ်ပွဲကို ရုပ်/သံ လွှင့်ဖို့ ပြင်ဆင်အလုပ်လုပ်ကြပုံစသဖြင့် ဘောလုံးနဲ့ နွယ်တဲ့ သုတတွေကို ရောင်စုံ စာမျက်နှာများနဲ့ တင်ဆက်လာပါတယ်။ ဒါကြောင့် ဘောလုံးသမားသတင်းနဲ့ နည်းစနစ် ကိစ္စတွေ၊ ဘောလုံးပွဲ ဝေဖန်ချက်တွေမှာ အာရုံညောင်းသူတွေ သပ်ရပ်သားနားပြီး ဖျော်ဖြေရေးနွယ်တဲ့ The SUN နဲ့ Olympic ကို အာရုံကျလာခဲ့ကြပါတယ်။

၂၀၀၄မှာ မြန်မာဘောလုံးဂျာနယ်တွေ နောက်ထပ် အကွေ့တစ်ခု ကြုံကြပြီလားလို့ သုံးသပ်စရာတွေ တွေ့လာ ရပါတယ်။ ဘာပဲပြောပြော မြန်မာဘောလုံး ဂျာနယ်များကတော့ အသွေးအရောင်စုံနဲ့၊ နေ့စဉ်ရှင်သန်တဲ့ သတင်းတွေနဲ့ အားကောင်းမောင်းသန် ပရိသတ်တွေကြား ပြိုင်ဆိုင်ပြေးလွှားနေကြတာဟာ လက်ရှိ သရုပ်မှန်မြင်ကွင်း ဖြစ်ပါကြောင်း တင်ပြလိုက်ပါတယ်။

Back...

ADDA Systems Software Development
That we are able is your advantage
Shwe Dream .com
MYANMARBIBLE.NET

# လတ်တလောသတင်းများ

## ဟိုတယ်လုပ်ငန်းများ သက်ဝင်လှုပ်ရှားမှု အရှိန်အဟုန် မြင့်တက်လာကြ။


ငပလီဘိရှ်ဟိုတယ်

ပြည်တွင်းမှာ စီးပွားရေးလုပ်ငန်း အင်အားကြီးအုပ်စုတွေ ၂၀၀၃ ပွင့်လင်းရာသီကစပြီး ဟိုတယ်လုပ်ငန်းတွေကို ကူးပြောင်း လုပ်ကိုင်လာကြတာ မြင်တွေ့ရပါတယ်။ အထူးသဖြင့် ပုဂံ၊ အင်းလေးနဲ့ ငွေဆောင်ဒေသတွေမှာ နိုင်ငံသားပိုင် နိုင်ငံတကာအဆင့်မီ ဟိုတယ်နဲ့ Resortတွေ ထွက်ပေါ်လာနေပါတယ်။ တချို့လည်း အသစ်ဆောက်ကြတာဖြစ်ပြီး၊ တချို့ကတော့ နဂိုရှိပြီးသား အပန်းဖြေ ဘန်ဂလိုများကို အဆင့်မြင့် ပြင်ဆင်လာကြတာပါ။


သရပါဂိတ်ဟိုတယ်

ပုဂံမှာ မြို့ဟောင်းအတွင်းက ပုဂံဟိုတယ်နဲ့ သရပါဂိတ်ဟိုတယ်တွေ အထူးလှုပ်လှုပ်ရှားရှား ကြော်ငြာလာကြပြီး၊ ငပလီမှာ ငပလီဘိရှ်ဟိုတယ်၊ ငွေဆောင်မှာ ဆန်းနီးပါရာဒိုက်စ်နဲ့ ထရက်ရှားရီဇော့ဟိုတယ်တွေ နိုင်ငံတကာအဆင့် ပြင်ဆင်လုပ်ကိုင်နေကြပါတယ်။ အင်းလေးမှာတော့ ရွှေကျွန်းမျော၊ ဟူပင်၊ အင်းလေးပရင့်ဆက်စ် စတာတွေ ကျော်ကြားနေပါတယ်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနဲ့ ရန်ကုန်မြို့လယ်က တစ်ပိုင်းတစ်စဆောက်လုပ်ပြီး ဟိုတယ်ကြီး တစ်ခုလည်း ၂၀၀၅ ၊ ၂၀၀၆ မှာ အပြီးတည်ဆောက်မယ ်လို့ သတင်းတွေ ထွက်ပေါ်နေပါပြီ။

(မြန်မာဟိုတယ်များဖွံ့ဖြိုးတိုးတက်လာမှုကို ၂၀၀၄ ၊ အောက်တိုဘာ ၊ မြန်မာခရွန်နီကယ်မှာ ဆောင်းပါးနဲ့ တင်ဆက်မှာ ဖြစ်ပါတယ်။)

## ၃၃ နှစ်မြောက် လောကနတ်ပြခန်း အဖွဲ့ဝင်များရဲ့ပွဲ

၁၉၇၁ က စတင်တည်ထောင်ခဲ့ပြီး မြန်မာ ပန်းချီနယ်ရဲ့ အထင်ကရပွဲတွေ ပြသခဲ့ရာ လောကနတ်အလှပညာဆိုင်ခန်း (Lokanat Galleries) မှာ ၂၀၀၄၊ ဩဂုတ် ၅ ရက်ကနေ ဒီဇင်ဘာ ၃၁ ရက်အထိ ပြခန်းအဖွဲ့ဝင်တွေရဲ့ ပန်းချီကား တွေချည်း ပြသတဲ့ပွဲ (Member Show) ခင်းကျင်းထားပါတယ်။

ရေးဟန်စုံလက်ရာမွန်တွေ ပြထားပြီးနှစ်စဉ် ခုလို Member Show ၅ လနီးပါး ပြသလေ့ရှိတယ်လို့လည်း သိရပါတယ်။

## မြန်မာရုပ်ရှင် ဇာတ်ကားကြီးများပြသမှု အခြေအနေ။ ဒါရိုက်တာ မောင်မျိုးမင်း ၄ ကားဆက်ရုံဝင်။

ရုပ်ရှင်ရုံတွေ အဆင့်မြင့် သန့်သန့်ရှင်းရှင်း ပြစက်ကောင်းကောင်း၊ အသံစံနစ်ကောင်းကောင်းနဲ့ ရန်ကုန်၊ မန္တလေး မြို့ကြီးတွေမှာ ထွက်ပေါ်လာပြီး နောက်ပိုင်း မြန်မာရုပ်ရှင်ဇာတ်ကားများလည်း ပရိသတ်ကြိုက်များလာကာ ထုတ်လုပ်မှု အရှိန်ရခဲ့ပါ တယ်။ ၂၀၀၄ ဒုတိယ ၆ လမှာတော့ ရန်ကုန် ရုပ်ရှင်ရုံများ မှာ ထူးထူးခြားခြား ဒါရိုက်တာ မောင်မျိုးမင်း ရိုက်ကူးတဲ့ ရုပ်ရှင် ဇာတ်ကားချည်း ၄ ကား ဆက်တိုက်ရုံတင်လာတာတွေ့ရပါတယ်။

ပထမ 'မှော်ဝင်ကြိုး'မှာ မင်းသား လူမင်း၊ ရာဇာနေဝင်း၊ မင်းသမီး အိန္ဒြာကျော်ဇင်တို့ ပါဝင်ကြပြီး၊ ဒုတိယ 'ယောက္ခတော်ခါနီးရင် စဉ်းစားဖို့လိုတယ်' ကို ရန်အောင်၊ လွင်မိုး၊ ထွန်းအိန္ဒြာဗို၊ နန္ဒာလှိုင်တို့နဲ့ ရိုက်ကူးတင်ဆက်ခဲ့ပါတယ်။ တတိယကတော့ 'ပြုံးနေရင် သတိထား' ကျော်ရဲအောင်၊ ဒွေး၊ ခိုင်နှင်းဝေတို့ ပါဝင်ကြပါတယ်။ စတုတ္ထကတော့ 'အပြောင်းအလဲ' ဖြစ်ပါတယ်။ လွင်မိုး၊ မင်းမော်ကွန်း၊ စိုးမြတ်သူဇာ၊ စိုးမြတ်နန္ဒာတို့ ပါဝင်တာ တွေ့ရပါတယ်။

၂၀၀၃ နှစ်ကုန်က စပြီး ရုပ်ရှင်ရုံတွေမှာ ပရိသတ်နည်းပါးတာကြောင့် ရုပ်ရှင်ထုတ်လုပ်သူတွေ လက်နှေးခဲ့ကြရာက ရုပ်ရှင် ဇာတ်ကားကြီးတွေ ရုံဝင်ဖို့ စဉ်းစားလာကြရင်း ရက်ရွေးလာကြချိန်မှာ ဒါရိုက်တာ မောင်မျိုးမင်း ရိုက်တဲ့ ဇာတ်ကားချည်း ၄ ကား ၂ လအတွင်းမှာ ဆက်ခါဆက်ခါ ရုံဝင်လာလို့ ထူးခြားမှုလို့ ဆိုရမှာဖြစ်ပါတယ်။ ၄ ကားစလုံး သင့်တင့်တဲ့ဝင်ငွေ ရရှိတယ်လို့ သတင်းကြားရပါတယ်။

## ရုပ်သံမီဒီယာနဲ့ ပုံနှိပ်မီဒီယာတွေက သတင်းပေးတဲ့ ရောဝတီအကြောင်း

၂၀၀၄ ဇူလိုင်၊ ဩဂုတ်လမှာ မြန်မာနိုင်ငံရဲ့ နာမည်အကြီးဆုံး မြစ်ကြီးတစ်စင်းဖြစ်တဲ့ ဧရာဝတီဟာ နှစ် ၃၀ အတွင်း အကြီးမားဆုံး ရေလျှံမှုဖြစ်ပွား ခဲ့ပါတယ်။

ဧရာဝတီရဲ့ ရေလျှံတက်ပုံ သတင်းတွေကို ၂၀၀၄ ဇူလိုင်လကုန်ရက်နဲ့ ဩဂုတ်လဆန်းပိုင်းမှာ ထုတ်ဝေကြတဲ့ ပုံနှိပ်မီဒီယာတွေမှာ မြင်တွေ့နိုင်ပြီး၊ မြန်မာတိုင်းဂျာနယ်က မန္တလေး မင်းတဲ အီကင်းရပ်ကွက်မှာ ဧရာဝတီရေတိုးလို့ ပစ္စည်းရွှေ့တဲ့ ပုံနဲ့ဖော်ပြနိုင်ပြီး၊ ကုမုဒြာနဲ့ မြန်မာဂျာနယ်က မန္တလေးခံတွေ တာရိုးနခမ်းကို လာရိုက်တဲ့ ဧရာဝတီရေကို သွားကြည့်ကြတာ ပုံနဲ့ဖော်ပြပါတယ်။ 7 Day News ကတော့ စစ်ကိုင်း တံတားနဲ့ ဧရာဝတီရေပြင်ကျယ်ကြီး ရှုခင်းကိုဖော်ပြပြီး တံတားနဲ့မလွတ်တဲ့ သဘောအကြောင်းသတင်းပေးပါတယ်။ ပေါ်ပြူလာဂျာနယ်က ဧရာဝတီ ရေလျှံလို့ အမရပူရ တောင်သမန်အင်းမှာ ဦးပိန်တံတား ရေကျော်ပုံကို ဖော်ပြခဲ့ပါတယ်။

မြန်မာ့ ရုပ်/သံ မိုးလေဝသ သတင်းကတော့ နေ့စဉ် ဧရာဝတီရဲ့ မြစ်ရိုးတစ်လျှောက်က မြို့ကြီးတွေမှာ အဲဒီကာလ နေ့စဉ် မြစ်ရေ စိုးရိမ်အထက်၊ စိုးရိမ်ရေမှတ်အနီး စတာတွေမှာ ရောက်ရှိနေပုံကို တိတိကျကျ ပေ ဒါမှမဟုတ် စင်တီမီတာတွေနဲ့ သတင်းပေးခဲ့တာကိုလည်း ရုပ်မြင်သံကြားမှာ မြင်တွေ့ခဲ့ရပါတယ်။

## အခါကြီး ရက်ကြီးတွေမှာ ရွှေတိဂုံဘုရားသို့ လာရောက်ဖူးမျှော် ကုသိုလ်ယူသူ အထူးများပြား

ရန်ကုန်မြို့မှာ လူဦးရေ ထူထပ်များပြားနေပြီး မြို့ကွက်သစ်တွေလည်း ဖော်ထုတ်သလောက် လာရောက်နေထိုင်သူတွေနဲ့ စည်ကားနေပါတယ်။ မြို့လူဦးရေ ထူထပ်လာသလောက် အခါကြီးရက်ကြီးတွေမှာ အနားယူအပန်းဖြေစရာ ဝန်းကျင်တွေလည်း တာဝန်ရှိသူတွေက ဖန်တီး တည်ဆောက်ပေးလျက်ရှိပါတယ်။ (ဥပမာ _ ကန်တော်ကြီးကို အဆင့်မြင့်ပြင်ဆင်မှုနဲ့ တိုင်းရင်းသားကျေးရွာ တည်ဆောက်မှုများ)

အဲဒီနေရာတွေကို မိသားစုလိုက်သွားရောက် အပန်းဖြေတာတွေရှိသလို ဝါဆိုလပြည့်၊ သီတင်းကျွတ်လပြည့်၊ တန်ဆောင်မုန်းလပြည့်၊ တပေါင်းလပြည့်စတဲ့ အခါကြီး ရက်ကြီးနေ့တွေမှာ ရန်ကုန် တန်ခိုးကြီးဘုရားတိုင်းကို ဘုရားဖူး သွားရောက်ကြတာ အထူးစည်ကားလှပါတယ်။

ရွှေတိဂုံကတော့ အခုနောက်ပိုင်းမှာ အစည်ကားဆုံးဖြစ်လာပြီး နေ့ခင်းညနေတွေမှာ ခရီးသည်တင်ဘတ်စ်ကားများ ဘုရားဖူးကုန် အောင် မတင်နိုင်တဲ့အထိ၊ ဘုရားစောင်းတန်းက ပန်းသည်တွေ ရောင်းစရာမရှိတော့တဲ့အထိ ကြိတ်ကြိတ်တိုးနေတာကြောင့် အခါကြီးရက်ကြီး စီမံခန့်ခွဲမှုကို ဒီထက်ပိုပြီး အဆင်ပြေရေး လိုအပ်စပြုလာပြီလို့ မြင်တွေ့ရတဲ့ရှုခင်းကို သတင်းပေးလိုက်ပါတယ်။

## ရန်ကုန်မှာ စူပါမားကက်တွေသာ ဈေးဝယ်ချင်သူများပြား။

အေးရှားလိုက်၊ စူပါဝမ်းတို့ကနေ စတင်လိုက်တဲ့ လေအေးစက်တပ်အခန်းများနဲ့ ဈေးရောင်းချမှုပုံစံဟာ ၁၀ နှစ်နီးပါး ကြာလာတဲ့အခါမှာ ရန်ကုန်မှာတော့ ရောင်းသူဝယ်သူ အသားကျတဲ့ တကယ့်အင်အားကြီး စီးပွားရေးလုပ်ငန်းဖြစ်လာခဲ့ပါပြီ။

ရန်ကုန်မှာ စူပါဝမ်း၊ ပုလဲကွန်ဒို၊ Junction 8၊ ဒဂုံစင်တာ၊ ရန်ကင်းစင်တာ၊ BLAZON၊ ဂမုန်းပွင့်၊ ယုဇနစင်တာ၊ ယုဇနပလာဇာ စသဖြင့် စူပါမားကက်၊ ကုန်တိုက်ကြီးတွေပေါ်ပေါက်လာသလို စိန်ဂေဟာနဲ့ စီးတီးမတ် ဆိုင်ခွဲများကလည်း လူစည်ကားလှတဲ့ ဆိုင်တွေအဖြစ်ထွက်ပေါ်လာပါတယ်။ မကြာခင်မှာလည်း စိန်ဂေဟာက တရုတ်တန်း – မဟာဗန္ဓုလလမ်း၊ ပန်းဆိုးတန်း စတာတွေအပြင် ပြည်လမ်း စွမ်းအင်ဝန်ကြီးဌာနနဲ့ နိုင်ငံခြားရေးဝန်ကြီးဌာနများအနီးမှာ စူပါမားကက်အသစ် ထပ်ဖွင့်တော့မှာဖြစ်ပြီး၊ Giordanoကို မြန်မာပြည်ထဲ တင်သွင်းလာကြသူတွေအဖွဲ့က တရုတ်တန်းနဲ့ ဆူးလေကြား မဟာဗန္ဓုလလမ်းပေါ်မှာ ၄ ထပ်စူပါမားကက် တစ်ခုထပ်ဖွင့်မယ်လို့ သတင်းတွေထွက်ပေါ်လာပါတယ်။

ဒီလိုတိုးပွားလာခြင်းတွေဟာ စားသုံးသူပရိသတ်က စူပါမားကက်မှာ ဈေးဝယ်ရတဲ့ အတွေ့အကြုံကို နှစ်သက်တာကြောင့်လို့ သိရပြီး ဝယ ်လေ့သွားလေ့ရှိသူတွေကို မေးမြန်းကြည့်ရာမှာ 'စူပါမားကက်တွေက တစ်နေရာတည်းမှာ ပစ္စည်းစုံတယ်၊ ဈေးနှုန်း ပုံသေတပ်ထားပြီးသားဖြစ်လို့ ဈေးပိုသွားမှာစိတ်ပူမနေရဘူး၊ စူပါမားကတ်က ဝယ်သူကို သက်သောင့်သက်သာရှိအောင် ဈေးခြင်းထားပေးတာ၊ ပစ္စည်းတွေအလွယ်တကူမြင်သာအောင် ခင်းကျင်းထားတာ၊ စိတ်ကြိုက်ရွေးနိုင်အောင် စီစဉ်ထားတာတွေနဲ့ လေအေးစက်တပ်အခန်းတွေနဲ့ ရောင်းနေတာဟာ အထူးဆွဲဆောင်မှုပါပဲ'လို့ ဖြေသွားကြပါတယ်။ (ငွေရှင်းရာမှာ ကျူတန်းကြီး ရှည်နေတတ်တဲ့ တစ်ခါတစ်ရံကိုတော့ သည်းခံရတာပေါ့ လို့လည်း ဖြည့်ပြောသွားကြပါတယ်။)

Back...